# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# အထူးအစည်းအဝေး(၁/၂၀၁၁)

# ကျင်းပခြင်း

ကန့်သတ်

က

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)


၁။ ပထမနေ့ အထူးအစည်းအဝေး မှတ်တမ်း

| | | |
|---|---|---|
| (က) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (ခ) | ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူး အစည်းအဝေး(၁/၂၀၁၁)ပထမနေ့ အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (ဂ) | ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း။ | ၂ |
| (ဃ) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြား ခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ | ၃ |
| (င) | ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၈ |
| (စ) | ရှမ်းပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြအဆုံးအဖြတ် ရယူခြင်း။ | ၉ |


ကန့်သတ်

(ဆ) ဦးအောင်ကျော်ညွန့်၊ ရက်စောက်မြို့နယ်၊ မဲဆန္ဒနယ် ၁၀
အမှတ်(၁)၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ
တော်သို့ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည်
အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော်တည်ငြိမ်
အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြ
သော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှု
များကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်း
ကြရန်” အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်
သင့်/မသင့် ဆုံးဖြတ်ရယူခြင်း ။

(ဇ) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် ၁၈
မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ
ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေငြာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်သော
အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်
ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်း
နိုင်ကြောင်း ဥက္ကဋ္ဌ က ကြေငြာခြင်း ။

(ဈ) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူး ၁၉
အစည်းအဝေး(၁/၂၀၁၁)ပထမနေ့ ရပ်နားခြင်း။

၂။ ဒုတိယနေ့ အထူးအစည်းအဝေး မှတ်တမ်း

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၀

(ခ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၁

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း။ ၂၁

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၂

(င) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၂၃

(စ) ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် တာဝန်ပေးအပ်မည့် ဝန်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၂၄

(ဆ) ရက်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးအောင်ကျော်ညွန့်၏ "ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော်တည်ငြိမ် အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းကြရန်"အဆိုကိုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း။ ၂၆

(ဇ) ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ ၄၉

(၈) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၁၁) ကျင်းပပြီးစီးခြင်း။ ၆၁

**၃။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး ဆုံးဖြတ်ချက်များ**

(က) ဆုံးဖြတ်ခြင်းအမှတ်(၉)။ နိုင်ငံတော်သမ္မတမှ ရှမ်းပြည်နယ် ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်မည့် အဆိုပြု တင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း။ ၆၂

(ခ) ဆုံးဖြတ်ခြင်းအမှတ်(၁၀)။ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် တာဝန် ပေးအပ်မည့် ဝန်ကြီးများအား တင်ပြခြင်းကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း။ ၆၂

(ဂ) ဆုံးဖြတ်ခြင်းအမှတ်(၁-၁/၂၀၁၁)။ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံ တော်သို့ရောက်ရှိရန် တည်ငြိမ် အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြ သော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှု များကိုလူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းကြရန်”အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၆၃

၄။ မှတ်တမ်းတင်ခြင်း

(က) မှတ်တမ်းတင်ခြင်းအမှတ်(၁၁-၁/၂၀၁၁)။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။ ၆၄

(ခ) မှတ်တမ်းတင်ခြင်းအမှတ်(၁၂-၁/၂၀၁၁)။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။ ၆၄

(ဂ) မှတ်တမ်းတင်ခြင်းအမှတ်(၁၃-၁/၂၀၁၁)။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့်မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း။ ၆၅

ကန့်သတ်

ရှမ်းပြည်နယ်
ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
အထူးအစည်းအဝေး(၁/၂၀၁၁)
ပထမနေ့ မှတ်တမ်း
၁၃၇၂ခုနှစ်၊ နယုန်လကွယ် ၁၄ ရက်
( ၂၀၁၁ခုနှစ်၊ ဇွန် လ ၃၀ ရက် )
[ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)ပထမနေ့ အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန က ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခုအချိန်ကစပြီး ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ အစီအစဉ်ကို စတင်ပါတော့မယ် ။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

ကန့်သတ်

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့
အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ကိုယ်ရောစိတ်ပါကျန်းမာချမ်းသာစွာဖြင့် ပြန်လည်တွေ့ဆုံရသဖြင့် များစွာဝမ်းသာ ကြည်နူးမိပါကြောင်း ပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ၂၀၁၁ခုနှစ်၊ ဇွန် လ(၃၀)ရက်နေ့ ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ပထမနေ့မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအဖွဲ့၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးတက်ရောက်သူ(၁၃၄)ဦး ရှိပါတယ်။ အစည်းအဝေးသို့ တက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့(၉၃. ၇)%တက်ရောက်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေ ပုဒ်မခွဲ(ခ)အရ အစည်းအဝေး တက်ရောက်သူ ထက်ဝက်ကျော်ပါသဖြင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ပထမနေ့ အထမြောက်ကြောင်း နှင့် အစည်းအဝေးစတင်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား ။
[ ဩဘာသံများ ]

အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ ယနေ့ ကျင်းပပြုလုပ် သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)ပထမနေ့အစီအစဉ်များအား ကိုယ်စားလှယ်များ ထံသို့ ကြိုတင်ဖြန့်ဝေ ထားရှိပြီးဖြစ်ပါတယ်။ ဖြန့်ဝေပေးထားသော အစီအစဉ်များအတိုင်းဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

# ၃

# အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များအား မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားမှာဖြစ်ပါတယ် ။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ် ။

**ဦးဇော်ဦး၊ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဦး ဖြစ်ပါတယ်။ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် သည် **'သမီးမင်္ဂလာဆောင်'** အတွက် ( ၃၀ . ၆ . ၂၀၁၁)နေ့မှ ( ၃၀ . ၆ . ၂၀၁၁)နေ့အထိ ခွင့် (၁)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဦးမြင့်လွင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

**ဦးကျော်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)** ။ ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တယ်ချန် ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပယ်စောက်ချိန်(ခ)ဘေဆော်ချိန်သည် **'ကျန်းမာရေးမကောင်းပါ'** သဖြင့်(၃၀. ၆ . ၂၀၁၁)နေ့မှ(၁. ၇ . ၂၀၁၁)နေ့ အထိ ခွင့်(၂)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဦးပယ်စောက်ချိန်(ခ) ဘေဆော်ချိန် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား ။

၄

**ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)** ။ ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန် ဖြစ်ပါတယ်။ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဝေရှောက်ရင်သည် **'ကျန်းမာရေးမကောင်း'** သဖြင့် (၃၀. ၆ . ၂၀၁၁)နေ့မှ ( ၁ . ၇ . ၂၀၁၁)နေ့အထိ ခွင့် (၂)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဦးဝေရှောက်ရင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံဖေ ဖြစ်ပါတယ်။ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလောဝ်ခမ်း(ခ)စိုင်းအိုက်ဖူ သည် **'နေမကောင်းသည့်'**အတွက် (၃၀. ၆ . ၂၀၁၁)နေ့မှ (၁ . ၇ . ၂၀၁၁) နေ့အထိ ခွင့်(၂)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဦးစိုင်းလောဝ်ခမ်း(ခ) စိုင်းအိုက်ဖူ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

**ဗိုလ်မှူး/ဗိုလ်ကြီး သန့်ဇင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး သန့်ဇင်ဦး ဖြစ်ပါတယ်။ တပ်မတော်သားမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီး လှိုင်မျိုးမင်း သည် **'မိခင်ဖြစ်သူ ဆေးရုံတက် ခွဲစိတ်ကုသနေသည့်'**အတွက် (၃၀ . ၆ . ၂၀၁၁)နေ့မှ (၆ . ၇ . ၂၀၁၁) နေ့အထိ ခွင့် (၇)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဗိုလ်ကြီး လှိုင်မျိုးမင်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

D/Sai Kyaw Tun(Luttae)/S 1-2011

**ဗိုလ်မှူး/ဗိုလ်ကြီး အောင်အောင်၊ တပ်မတော်သားကိုယ်စားလှယ်** ။
လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူး/ဗိုလ်ကြီး အောင်အောင် ဖြစ်ပါတယ်။ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ထွန်းလင်းမောင်သည် **'ဖခင်ဖြစ်သူ ဆေးရုံတက် ကုသနေသည့်'** အတွက်(၃၀. ၆ . ၂၀၁၁) နေ့မှ (၆ . ၇ . ၂၀၁၁)နေ့အထိ ခွင့်(၇)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဗိုလ်ကြီး ထွန်းလင်းအောင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

**ဗိုလ်မှူး/ဗိုလ်ကြီး မောင်မောင်လွင်၊ တပ်မတော်သားကိုယ်စားလှယ်** ။
လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး မောင်မောင်လွင် ဖြစ်ပါတယ်၊ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး သက်ဇော်ထွန်းသည် **'သမီးဖြစ်သူဆေးရုံတက်ကုသနေသည့်'** အတွက်(၃၀. ၆. ၂၀၁၁) နေ့မှ (၆. ၇. ၂၀၁၁)နေ့အထိ ခွင့် (၇)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဗိုလ်မှူး/ဗိုလ်ကြီး သက်ဇော်ထွန်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

**ဗိုလ်မှူး/ဗိုလ်ကြီး မြခိုင်၊ တပ်မတော်သားကိုယ်စားလှယ်** ။
လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး မြခိုင် ဖြစ်ပါတယ်။ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း သည် **'ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတက်ကုသသည့်'** အတွက်(၃၀ . ၆ . ၂၀၁၁) နေ့မှ( ၆ . ၇ . ၂၀၁၁) နေ့အထိ ခွင့် (၇)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

**ဗိုလ်မှူး စောစိန်ကျော်၊ တပ်မတော်သားကိုယ်စားလှယ်** ။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး စောစိန်ကျော် ဖြစ်ပါတယ်။ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး /ဗိုလ်ကြီး မြင့်မိုးအောင် သည် '**ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတက်ကုသသည့်**' အတွက်(၃၀ . ၆ . ၂၀၁၁) နေ့မှ ( ၆ . ၇ . ၂၀၁၁) နေ့အထိ ခွင့်(၇)ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဗိုလ်မှူး /ဗိုလ်ကြီး မြင့်မိုးအောင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

**ဥက္ကဋ္ဌ**။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် **ဦးမြင့်လွင်**အတွက် ( ၃၀. ၆ . ၂၀၁၁)နေ့မှ ( ၃၀ . ၆ . ၂၀၁၁)နေ့ အထိ ခွင့်(၁)ရက်အတွက် နမ့်တူမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်ဦး၏ တင်ပြချက်ကိုလည်းကောင်း၊ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် **ဦးပယ်စောက်ချိန်(ခ)ဘေဆော်ချိန်** အတွက် ( ၃၀ . ၆ . ၂၀၁၁) နေ့မှ ( ၁ . ၇ . ၂၀၁၁)နေ့အထိ ခွင့်( ၂ )ရက်အား ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျောက်တယ်ချန်၏ တင်ပြချက်ကိုလည်းကောင်း၊ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် **ဦးဝေရှောက်ရင်** အတွက်( ၃၀ . ၆ . ၂၀၁၁)နေ့မှ ( ၁ . ၇ . ၂၀၁၁) နေ့ အထိ ခွင့်( ၂ ) ရက် အတွက် ကုန်းကြမ်း မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျောက်တယ်ချန်ကလည်းကောင်း မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် **ဦးစိုင်းလောဝ်ခမ်း(ခ)စိုင်းအိုက်ဖူ**အတွက် ( ၃၀. ၆ . ၂၀၁၁)နေ့မှ ( ၁ . ၇ . ၂၀၁၁) နေ့အထိ ခွင့်(၂)ရက်အတွက် မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံဖေ

က လည်းကောင်း၊ တပ်မတော်သားမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် **ဗိုလ်ကြီး ထွန်းလင်းမောင်** အတွက် (၃၀ . ၆ . ၂၀၁၁) နေ့မှ(၆. ၇ . ၂၀၁၁) နေ့အထိ ခွင့်(၇)ရက်အတွက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး အောင်အောင် ကလည်းကောင်း၊ တပ်မတော်သားကိုယ်စားလှယ် **ဗိုလ်ကြီး လှိုင်မိုးမင်း** အတွက် ( ၃၀ . ၆ . ၂၀၁၁)နေ့မှ ( ၆ . ၇ . ၂၀၁၁) နေ့အထိ ခွင့် (၇)ရက်အတွက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး သန့်ဇင်ဦးကလည်းကောင်း၊ တပ်မတော်သား ကိုယ်စားလှယ် **ဗိုလ်မှူး/ဗိုလ်ကြီး သက်ဇော်ထွန်း** အတွက် ( ၃၀ . ၆ . ၂၀၁၁) နေ့မှ ( ၆ . ၇ . ၂၀၁၁)နေ့အထိ ခွင့် (၇)ရက်အတွက် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး မောင်မောင်လွင်ကလည်းကောင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး **အောင်ကျော်မြင့်ဝင်း** အတွက် ( ၃၀ . ၆ . ၂၀၁၁)နေ့မှ ( ၆ . ၇ . ၂၀၁၁)နေ့အထိ ခွင့် (၇)ရက်အတွက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး မြခိုင် ကလည်းကောင်း၊ တပ်မတော်သားကိုယ်စားလှယ်ဗိုလ်**မှူး/ဗိုလ်ကြီးမြင့်မိုးအောင်** အတွက် (၃၀. ၆. ၂၀၁၁) နေ့မှ ( ၆ . ၇ . ၂၀၁၁)နေ့အထိ ခွင့် (၇)ရက် အတွက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစောစိန်ကျော် က လည်းကောင်း၊ ဒါကြောင့် အသီးအသီးခွင့်ပန်ကြားထားပါတယ်။ ပြည်နယ်လွှတ်တော်ရဲ့ သဘောတူညီချက်ရယူမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလား ခင်ဗျား ။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ။လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေငြာပါတယ်။

ကန့်သတ်

၈

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ
# အစည်းအဝေးတက်ရောက်မှုအခြေအနေကို
# မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူဦးရေ( ၉ )ဦးဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ( ၉ )ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ် ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား ။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က အတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေငြာအပ်ပါတယ် ။ **[ သြဘာသံများ ]**

D/Sai Kyaw Tun(Luttae)/S 1-2011

ကန့်သတ်

၉

# ရှမ်းပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်ကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဝန်ကြီးဌာနများကို ယခင်သတ်မှတ်ခဲ့ပြီး ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၇) တို့အရ နိုင်ငံတော်သမ္မတမှ ရှမ်းပြည်နယ်ဝန်ကြီးဌာနများအဖြစ် အောက်ပါ အတိုင်း ပြင်ဆင်သတ်မှတ်မည် ဖြစ်ကြောင်း အဆိုပြုတင်ပြလာပါတယ်။ ၄င်းဝန်ကြီးဌာန များကတော့

(၁) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(၂) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(၃) စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
(၄) သစ်တောနှင့် သတ္တုဝန်ကြီးဌာန
(၅) စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန
(၆) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(၇) လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
(၈) စည်ပင်သာယာရေးဝန်ကြီးဌာန
(၉) လူမှုရေးဝန်ကြီးဌာန တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၇)တို့အရ သတ်မှတ်ချက် များနှင့်အညီ ရှမ်းပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား။

[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသဖြင့် နိုင်ငံတော်သမ္မတ၏ ရှမ်းပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်ခြင်း အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် မှ သဘောတူဆုံးဖြတ်ပါကြောင်း လွှတ်တော်မှ မှတ်တမ်းတင်အပ်ပါသည် ။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊မဲဆန္ဒနယ် အမှတ်( ၁ )၏ " ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော်တည်ငြိမ် အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက် သွား ကြရန် " အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးအောင်ကျော်ညွန့်က "ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် " အဆိုတစ်ရပ် တင်သွင်းလိုကြောင်း ပြည်နယ် လွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဦးအောင်ကျော်ညွန့် အဆိုတင်သွင်းဖို့ဖြစ်ပါတယ် ။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးမှာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၁၂) လွှတ်တော်သို့တင်သွင်းသည့် အဆိုများ ပုဒ်မ (၁၁၀)၊ ပုဒ်မခွဲ(က)မှ ပြဌာန်းချက် နှင့်အညီ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးနှင့် စပ်လျဉ်းသော ကိစ္စရပ်တစ်ခုကို အဆိုတင်သွင်းလိုပါတယ်။

**ဥက္ကဌကြီးခင်ဗျား**- ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ “ ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းသာယာရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော် အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက် နေကြသော ကိစ္စရပ်များရပ်တန့်ပြီး အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားကြရန် ” ဆိုတဲ့ အဆိုပဲဖြစ်ပါတယ်။ ဒီအဆိုကို ဘာကြောင့်တင်သွင်းရသလဲဆိုတာကို ရှင်းလင်းတင်ပြလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား** - ဒီကနေ့ လက်ရှိအခြေအနေကို အားလုံး ကြားသိတဲ့အတိုင်းပါဘဲ။ ကချင်ပြည်နယ် အခြေစိုက် KIA အဖွဲ့သည် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများကို တားမြစ်ခြင်း၊ လုပ်ငန်းများ မအောင်မြင်အောင် နှောင့်ယှက်ခြင်း၊ ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသားဝန်ထမ်းများကို ခြိမ်းခြောက်ဟန့်တား နှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိရာ ဧပြီလ(၁၆)ရက်က မလိခမြစ်အရှေ့ဘက်ကမ်းရှိကျောက်ဖောက် လုပ်ငန်း များအား ဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရန်၊ ၎င်းတို့၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရန် တားမြစ်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-** နိုင်ငံတော်အတွက် အင်မတန်မှ ရင်းနှီးမြှုပ်နှံမှု ကြီးမားပြီး အရေးကြီးသော တာပိန်ရေအား လျှပ်စစ်စီမံကိန်းမှ တာဝန်ထမ်းဆောင်လျက်ရှိသော တရုတ်ပညာရှင်များ၊ ဝန်ထမ်းများအား KIA အဖွဲ့က လာရောက်နှောင့်ယှက်ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများ ဆောင်ရွက် သည့်အပြင် ရေအားလျှပ်စစ်စီမံကိန်းမှ ဗန်းမော်ခရိုင်သို့ သွယ်တန်းထားသော တာဝါတိုင်များအား မိုင်းထောင် ဖျက်စီးခြင်းများကို လုပ်ဆောင်ခဲ့ပါတယ်။

အထက်ပါလုပ်ရပ်များကြောင့် တရုတ်နိုင်ငံမှ ပညာရှင်နှင့် ဝန်ထမ်း (၂၁၅)ဦးသည် တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည့် အတွက် (၆၀)မီဂါဟတ်စ် လည်ပတ်လျက်ရှိသည့် စက်ရုံလည်ပတ်မှုအား ရပ်နားပိတ်သိမ်းခဲ့ရပြီး နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် ကြီးမားသော ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါတယ်။

**ကိုယ်စားလှယ်များခင်ဗျား-** လမ်းပန်းဆက်သွယ်ရေးမှာ အဓိကကျသော သံဘောင်ဘေလီတံတား၊ သံကူကွန်ကရစ်တံတား၊ သစ်သားတံတား၊ ကြိုးတံတား အပါအဝင် လမ်းနှင့်တံတား စုစုပေါင်း (၆၀)အား ဇွန်လ(၁၄) ရက်မှ (၂၂)ရက်တွင်း ဖောက်ခွဲဖျက်ဆီးခဲ့ ကျပါတယ်။ ယခုလို ဖျက်ဆီးမှုများဟာ နောင်ဆိုရင် ကိုယ်ဒေသဖွံ့ဖြိုး တိုးတက်ရေးကို ကိုယ်လုပ်ရမှ ဖြစ်တဲ့အတွက်အခုလို တံတား (၁)စင်း ဖြစ်ဖို့၊ လမ်းတစ်လမ်းဖောက်ဖို့ဆိုတာပိုပြီး ခက်ခဲလာလိမ့်မည်ဆိုတာ ရှင်းလင်းတင်ပြလို ပါတယ်။ ဆက်၍ ဒေသအတွင်း မငြိမ်မှုများ ဖြစ်စေရန် ဝန်ထမ်းများ၊ ဒေသခံပြည်သူ များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ KIA အဖွဲ့၏ ဖော်ပြပါ အဖျက်လုပ်ရပ်များသည် နိုင်ငံအကျိုး၊ ဒေသအကျိုးကို များစွာထိခိုက်စေပြီး ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ ပြည်သူများရဲ့ စားဝတ်နေရေး အခက်အခဲများနှင့် တွေ့ရမည်မှာ ဧကန်အမှန်ပဲ ဖြစ်ပါလိမ့်မယ်။

D/Sai Kyaw Tun(Luttae)/S 1-2011

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား** - ကျွန်တော်တို့ဟာ ၂၀၀၈ ခုနှစ် ပြဋ္ဌာန်း အတည်ပြုခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဒီမိုကရေစီ နည်းလမ်းကျစွာ လွှတ်တော်များဖွဲ့စည်းခြင်း အစိုးရအဖွဲ့များ ဖွဲ့စည်းခြင်း လွှတ်တော်များကို နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြပြီး ဖြစ်လို့ နိုင်ငံတော်ရဲ့ အခြေခံမူများမှာပါရှိတဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီထွန်းကားရေးဆိုတဲ့ လုပ်ငန်းစဉ်ရဲ့ ပထမခြေလှမ်းကို လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ကျင်းပပြီးစီးတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကြီးများမှာ ဒီမိုကရေစီကျင့်စဉ်များနှင့် အညီ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အဆုံးအဖြတ် ရယူခြင်း စတဲ့လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ရှေ့ဆက်လက် ပြီးတော့လည်း နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးအတွက် ဒုတိယခြေလှမ်း၊ တတိယခြေလှမ်း စသည့်ဖြင့် ခြေလှမ်းပေါင်းမြောက်များစွာဖြင့် ဆောင်ရွက်သွားကြ ရအုံးမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းနေဖို့ အရေးကြီးဆုံး ပါဘဲ။ လွတ်လပ်ရေးရပြီး အခုချိန်မှစ၍ ၁၉၈၈ခုနှစ်အထိ အုပ်ချုပ်ခဲ့တဲ့ တိုင်းပြည်ရဲ့ အခြေအနေကို ကြည့်ရင်တည်ငြိမ်အေးချမ်းမှု မရှိခဲ့တာကြောင့် မူဝါဒ၊ အမြင်၊ သဘောတွေကွဲလွဲပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မရှိခဲ့တဲ့ သင်ခန်းစာကို ကျွန်တော်တို့ အမြဲမပြတ် သတိရှိနေဖို့ လိုပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား** - ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားရာမှ “မတူညီတဲ့သဘောထား အမြင်တွေရှိကြမှာဖြစ်သော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက်

တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင် ဆောင်ရွက် ကြမယ် ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာဖြင့် ရယူကြမယ်ဆိုရင် လူသာခုခေါ်၊ နတ်သာခုခေါ်ကြမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့ အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာဖြစ်ကြောင်း” အသိပေးပြောကြားသွား ပါတယ်။ မြန်မာနိုင်ငံနှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုလိုလားသူတိုင်းဟာ အခြေခံဥပဒေ ဘောင်ထဲကသာ နိုင်ငံနှင့် လူမျိုးအကျိုးဆောင်ရွက်ကြဘို့နဲ့ အခြေခံ ဥပဒေပြင်ပနည်းလမ်းများ ကျင့်သုံးပြီးလက်ရှိဒီမိုကရေစီ ဖော်ဆောင်ရွက်မှုကို ပျက်ပြားအောင် တရားဥပဒေစိုးမိုးမှုနဲ့တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်ခြင်းများ မပြုကြဘို့တိုက်တွန်းပြောကြားလိုပါတယ်လို့ လမ်းညွှန်မိန့်ကြားထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ သိရှိထားကြတဲ့အတိုင်း နိုင်ငံတော်အတွင်းမှာရှိတဲ့ တစ်ချို့အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဟာအမြင်မတူညီမှုများကို ဒီမိုကရေစီနည်းလမ်းများနဲ့ အညီ ဆောင်ရွက်သင့်သော်လည်း ဥပဒေနှင့် မကိုက်ညီသည့် လုပ်နည်းလုပ်ဟန်များကိုလုပ်ဆောင်နေတာ တွေ့မြင်နေရ ပါတယ်။ ဒီလို ဥပဒေနှင့်မညီ ဆောင်ရွက်မှုကြောင့် နိုင်ငံတော်နှင့် ပြည်သူ့ အကျိုးစီးပွားကို ထိခိုက်မှုကို ဖြစ်ပေါ် စေပြီးနိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ပြုရာရောက်ပါတယ်။

**ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား** - ယခုလက်ရှိ KIA အဖွဲ့ရဲ့ လုပ်ရပ်တွေဟာဒေသဖွံ့ဖြိုးမှုအတွက်များစွာအဟန့်အတားဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိမိလူမျိုး၊ ဒေသအတွက်ရှေ့ရှုပြီး ဒေသဖွံ့ဖြိုးရေးအတွက် စေတနာအမှန်ရှိမယ်ဆိုရင် ယခုကဲ့သို့လူမိုက်ဆန်သော ဖောက်ခွဲဖျက်ဆီးမှု၊ ဖမ်းဆီးခေါ်ဆောင်မှု၊ သတ်ဖြတ်မှုစတဲ့ဒေသဖွံ့ဖြိုးမှုကို များစွာမှ အနှောင့်အယှက်ဖြစ်စေတဲ့ လုပ်ငန်းရပ်များလုပ်ဆောင်ခြင်းအား ရပ်တန့်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီလူထုများ၏ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်တွင် ပါဝင်ပြီး

အမြင်မတူညီမှုများ အား ညှိနှိုင်းဆွေးနွေးဆောင်ရွက်သင့်ပါသဖြင့် " ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည်အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်ဆောင်ရွက်နေကြသော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက် သွားကြရန် " အဆိုအား တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**[ ဩဘာသံများ ]**

**ဥက္ကဋ္ဌ။** ။ယခု ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးအောင်ကျော်ညွှန့် ၏ " ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် " အဆိုအား ထောက်ခံသူရှိပါက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ် ။

**ဦးဇော်ဇော်၊ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွှန့်ရဲ့ အဆိုဟာ တစ်နိုင်ငံလုံးအပြင် ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အတွင်းရှိတဲ့ တိုင်းရင်းသား ပြည်သူများအားလုံးနှင့်လည်း သက်ဆိုင်နေပါသဖြင့် ဦးအောင်ကျော်ညွှန့်၏ အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား၊ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)။** ။လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ပျော်ရွှင်ကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) တွင် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်ရဲ့ "ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်း သာယာရေးသည် အရေးပါသည့် အတွက် လက်ရှိနိုင်ငံတော်အေးချမ်းမှု ပျက်ပြားအောင်ဆောင်ရွက်နေကြသော ကိစ္စရပ်များရပ်တန့်ပြီး အမြင်မတူညီမှု များကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက် သွားကြရန် " အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား-** ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် တင်သွင်းထားသော အဆိုကို ထောက်ခံတင်ပြမည့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား- ပြည်နယ်ကိုယ်စားလှယ်ကြီးရဲ့ ပထမတင်ပြတဲ့ အဆိုပြုချက်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ရောက်ရှိ စေရန်မှာ တည်ငြိမ်အေးချမ်းရေးကဏ္ဍသည် အရေးပါဆုံးဖြစ်သည့် အတွက် ရပ်ကွက်/ကျေးရွာ၊ မြို့/မြို့နယ်၊ ပြည်နယ်/တိုင်း စသည်တို့ တည်ငြိမ်အေးချမ်းရေးသည် လွန်စွာမှ အရေးကြီးပါသည်။ ကိုယ်စားလှယ်ကြီးများ ကြားသိခဲ့သည့်အတိုင်း လူတစ်စု၏ လုပ်ရပ်ကြောင့် များစွာထိခိုက် ဆုံးရှုံးမှုများ အေးချမ်းမှုများ မရှိခဲ့ရသည့်အဖြစ်များကို ပြည်သူလူထုများ ကြားသိခဲ့ရပြီး ထိတ်လန့်တုန်လှုပ်စိုးရိမ်မှုများ ခံစားရပါတယ်။ သို့ဖြစ်ပါ၍ အေးချမ်းသာယာမှုကို မပျက်ပြားစေဘဲ အမြင်မတူမှုများကို လွှတ်တော်သို့ ဆွေးနွေးညှိနှိုင်းသွားကြရန် အဆိုကို ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

**ကန့်သတ်**

ကန့်သတ်

၁၇

ဥက္ကဋ္ဌကြီးခင်ဗျား - နိုင်ငံတော်ရဲ့ အခြေခံမူများမှာ ပါရှိတဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ထွန်းကားရေးဆိုတဲ့ လုပ်ငန်းစဉ်ကို ပထမခြေလှမ်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးကို ဒုတိယခြေလှမ်း၊ တတိယခြေလှမ်း ခြေလှမ်း ပေါင်းများစွာလှမ်းပြီး ဆောင်ရွက်သွားရာမှာလည်း နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်းနဲ့အညီ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်ထောင်စုအတွင်းမှာပါ ဒီမိုကရေစီ ကျင့်စဉ်များ ထွန်းကားအောင် စည်းကမ်းရှိရှိ လိုက်နာ ဆောင်ရွက်သွား ကြရမှာဖြစ်တဲ့အတွက် အခြေခံဥပဒေ ပြင်ပနည်းလမ်းများကို ကျင့်သုံးပြီး လက်ရှိဒီမိုကရေစီဖော်ဆောင်မှုကို ပျက်ပြားအောင် တရားဥပဒေစိုးမိုးမှု နဲ့ တည်ငြိမ်မှုကို ပျက်ပြားအောင် လုပ်ဆောင်ခြင်းများကို မပြုကြဘို့ တိုက်တွန်းထားသည့် အဆိုကိုလည်း ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား- နိုင်ငံတော်သည် အေးချမ်းသာယာမှသာ ပြည်သူလူထုများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များ တိုးတက်လာမှသာတကဲ့ ခေတ်မီသော နိုင်ငံတော်သစ်ကြီး ကို တည်ဆောက်နိုင်အောင် ပြည်သူလူထု နည်းဖြင့် ဖြေရှင်းနိုင်ရေး အတွက် " ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ် အေးချမ်း သာယာရေးသည် အရေးပါသည့် အတွက် လက်ရှိနိုင်ငံတော်အေးချမ်းမှုကို ပျက်ပြားအောင် ဆောင်ရွက် နေကြ သော ကိစ္စရပ်များရပ်တန့်ပြီး အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် " တင်ပြ သွားသော အဆိုကိုလည်း လေးလေးနက်နက် ထောက်ခံ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ [ သြဘာသံများ ]

ကန့်သတ်

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့် ရဲ့ အဆို တင်သွင်းသော " ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားကြရန် " အဆိုအား လွှတ်တော် ကိုယ်စားလှယ်(၂)ဦးကထောက်ခံ သွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးအောင်ကျော်ညွှန့်ရဲ့ အဆိုအား လက်ခံဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား ။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

ဥက္ကဋ္ဌ။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးအောင်ကျော်ညွှန့် ရဲ့ " ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ် အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော် တည်ငြိမ် အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် " အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ် ခင်ဗျား။

**[ ဩဘာသံများ ]**

ဦးအောင်ကျော်ညွှန့် တင်သွင်းသော အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းကို အစည်းအဝေး ရပ်နားတဲ့အခါ လွှတ်တော်ရုံးထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ် ။

ကန့်သတ်

၁၉

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) (ပထမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့)ကျင်းပမည့်နေ့ရက် သတ်မှတ်ခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကို ၂၀၁၁ခုနှစ်၊ ဇူလိုင်လ ( ၁ )ရက်နေ့ (သောကြာနေ့)(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းကြေငြာအပ်ပါတယ်။ [ **သြဘာသံများ** ]

**အခမ်းအနားမှူး။** ။ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါတော့မယ် ခင်ဗျား။

**[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)ပထမနေ့ကို ( ၁၀ း ၄၀ )နာရီအချိန်တွင် ရပ်နားပါသည် ။ ]**

ရှမ်းပြည်နယ်
ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
အထူးအစည်းအဝေး(၁/၂၀၁၁)
ဒုတိယနေ့ မှတ်တမ်း
၁၃၇၃ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
( ၂၀၁၁ခုနှစ်၊ ဇူလိုင် လ ၁ ရက် )
[ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ဒုတိယနေ့အစီအစဉ်ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ် အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန က ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုအချိန်ကစပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူး အစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ အစီအစဉ်ကို စတင်ကျင်းပတော့မှာ ဖြစ်ပါတယ် ။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။



D/Sai Kyaw Tun(Luttae)/S 1-2011

ကန့်သတ်

၂၁

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ကိုယ်ရောစိတ်ပါကျန်းမာချမ်းသာစွာဖြင့် ပြန်လည်တွေ့ဆုံရသဖြင့် များစွာဝမ်းသာ ကြည်နူးမိပါကြောင်း ပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ၂၀၁၁ခုနှစ်၊ ဇူလိုင်လ လ(၁)ရက်နေ့ ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ဒုတိယနေ့မှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီအဖွဲ့၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၃)ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ တက်ရောက်သူ (၁၃၄)ဦး ရှိပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့( ၉၃. ၇)%တက်ရောက်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေ ပုဒ်မခွဲ(ခ)အရ အစည်းအဝေး တက်ရောက်သူ ထက်ဝက်ကျော်ပါသဖြင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား ။ [ သြဘာသံများ ]

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ယနေ့ ကျင်းပပြုလုပ် သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)ဒုတိယနေ့အစီအစဉ်များအား ကိုယ်စားလှယ်များထံသို့ ကြိုတင်ဖြန့်ဝေထားရှိပြီးဖြစ်ပါတယ်။ ဖြန့်ဝေပေးထားသော အစီအစဉ်များအတိုင်းဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ် ။

ကန့်သတ်

၂၂

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့်ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များအား မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ် ။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ် ။

**ဦးပီတာသောင်းစိန်၊ အာခါတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး။** ။လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အာခါတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးမှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပီတာသောင်းစိန် ဖြစ်ပါတယ်။ **လားဟူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ ဦးရှာမွေလရှဲန်**သည် **'နေမကောင်းဆေးရုံတက်ကုသသည့်'** အတွက်(၁. ၇ . ၂၀၁၁)ရက်နေ့ ခွင့်(၁ )ရက်အား ခွင့်ပြုပေးနိုင်ပါရန် ဦးရှာမွေလရှဲန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လားဟူတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် **ဦးရှာမွေလရှဲန်**အတွက် (၁. ၇ . ၂၀၁၁)ရက်နေ့ ခွင့်(၁)ရက်အတွက် အာခါတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးမှ ဦးပီတာသောင်းစိန် ၏ တင်ပြချက်အား ပြည်နယ်လွှတ်တော်ရဲ့ သဘောတူညီချက်ရယူမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလား ခင်ဗျား ။

ကန့်သတ်

[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]

ဥက္ကဋ္ဌ။ ။လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေငြာပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယခင်နေ့ ခွင့်ပန်ကြား၍ ခွင့်ပြုပြီးသူ (၈)ဦး၊ ယနေ့ခွင့်ပန်ကြားသူ ( ၁ )ဦး၊ စုစုပေါင်း ခွင့်ပန်ကြားသူ၊ ခွင့်ပြုသူ(၉)ဦး ရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူပါမယ် ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား ။

[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က အတည်ပြုပါသည်။ ]

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေငြာအပ်ပါတယ် ။ [ သြဘာသံများ ]

## ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် တာဝန်ပေးအပ်မည့် ဝန်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် ဝန်ကြီးဌာနပြင်ဆင်သတ်မှတ်ချက် တာဝန်ပေးအပ်မည့် ဝန်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ် က လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်က တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား ။

ပြည်နယ်ဝန်ကြီးချုပ်။ ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား ။ ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၁)ကို ပထမနေ့ဖြင့် ဇွန်လ (၃၀)ရက်နေ့ နံနက်(၁၀)နာရီအချိန်မှာ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးကျင်းပခဲ့ရာ အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးဌာန များ၏ ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက် နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အတည်ပြုပြီးသော ပြည်နယ်ဝန်ကြီးဌာနများ အလိုက် တာဝန်ပေးအပ်မဲ့ ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းများကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ် -

ကန့်သတ်

၂၅

(၁) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်သား ကိုယ်စားလှယ်မှ ဗိုလ်မှူးကြီး အောင်သူ ၊

(၂) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်သိန်းမောင် ၊

(၃) စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဆာလူ ၊

(၄) သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်ပေါင်း ၊

(၅) စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းရွှေ ၊

(၆) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင် ၊

(၇) လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းရင် ၊

(၈) စည်ပင်သာယာရေးဝန်ကြီးဌာန၊ တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတူးမောင် နှင့်

(၉) လူမှုရေးဝန်ကြီးဌာန၊ ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မျိုးထွန်း တို့ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ကန့်သတ်

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးဌာနများအား ယှဉ်တွဲပြီး ဝန်ကြီးများကို တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်မှ သဘောတူ ပါသလား ခင်ဗျား။

[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသဖြင့် ပြင်ဆင်သတ်မှတ်သည့် ရှမ်းပြည်နယ်ဝန်ကြီးဌာနများနှင့် ယှဉ်တွဲ တာဝန်ပေးထားသည့် ဝန်ကြီးများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ကြောင်း မှတ်တမ်းတင်ထားရှိအပ်ပါတယ် ခင်ဗျား။

**ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးအောင်ကျော်ညွန့်၏ " ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ် အေးချမ်းရေးသည် အရေးပါသည့် အတွက် လက်ရှိ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များရန်တန့်ပြီး အမြင်မတူညီမှုများကို လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက် သွားကြရန် " အဆိုကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း**

ဥက္ကဋ္ဌ။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးအောင်ကျော်ညွန့်က " ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ် အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော် တည်ငြိမ် အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များ ရပ်တန့်ပြီး အမြင်မတူညီမှုများကို လွှတ်တော်တွင် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားကြရန် " အဆိုတစ်ရပ် တင်သွင်းခြင်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့မှ ဆွေးနွေးရန် ပြည်နယ် လွှတ်တော်ရုံးသို့ တင်ပြလာပါတယ် ။

ယင်းအဆိုနှင့်ပတ်သက်ပြီး ပထမဦးစွာ ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါတယ် ။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး ပထမနေ့တွင် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်မှ တင်သွင်းသော “ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက် နေကြသော ကိစ္စရပ်များ ရပ်တန့်ပြီး အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားကြရန် ” အဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးသွား မှာဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရတဲ့လုပ်ငန်းများဖြစ်တဲ့ နိုင်ငံတော် စီမံကိန်းလုပ်ငန်းများ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများအပြင် အခြားသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အထွေထွေလူမှုကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရာမှာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှု မရှိဘဲနဲ့ ထိရောက်စွာ ဆောင်ရွက်နိုင်မှာ မဟုတ်သည်ကို အားလုံးသိရှိပြီး ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် တင်သွင်းသွားတဲ့ အဆိုမှာပါရှိတဲ့ ကချင်ပြည်နယ်က အဖြစ်အပျက်များအရ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ လိုအပ်နေသည်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ဖြစ်တယ်ဆိုတာကို လက်ခံရမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်နည်းတူ ကျွန်တော်တို့ ရှမ်းပြည်မှာလည်း နှစ်ကာလ ကြာရှည်စွာ နယ်မြေမငြိမ်မသက်ဖြစ်ပေါ်ခဲ့ရသည်ကို လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသိရှိပြီး ဖြစ်ကြပါတယ်။ ဒီလိုမငြိမ်သက်မှုများကြောင့် ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ထိုက်သင့်သလောက် မရောက်ရှိဖြစ်ခဲ့ရတယ်လို့ ယူဆမိပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ယနေ့အချိန်မှာဆိုရင် ၂၀၀၈ ခုနှစ်က ပြဋ္ဌာန်းအတည်ပြုခဲ့ပြီးဖြစ်တဲ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လွှတ်တော် အဆင့်ဆင့်ကို ဖွဲ့စည်း နိုင်ခဲ့ပြီး ပြည်သူလူထု ရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့လည်း ကျင်းပပြီးစီးသွားခဲ့တဲ့ လွှတ်တော်အစည်းအဝေး တွေမှာ မိမိတို့ဒေသအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားများအတွက် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဆောင်ရွက်နိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မတူတဲ့သဘောထားအမြင်တွေရှိနေကြတဲ့ နိုင်ငံသားတိုင်းဟာ တိုင်းပြည်ရဲ့ တိုးတက်ရာတိုးတက်ကြောင်း အကျိုးစီးပွားကို ဖော်ဆောင်လိုတဲ့ အခါမှာ ရွေးကောက်ပွဲမှာ ပါဝင်ပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျ ရယူနိုင်တဲ့ အခြေအနေကို ရရှိထားပြီးလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား-

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဒေသတည်ငြိမ်အေးချမ်းရေး လည်း မရှိမဖြစ်လိုအပ်နေတဲ့အတွက် ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုများ ဖြစ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့လည်း ညှိနှိုင်းစေ့စပ်ငြိမ်းချမ်းရေး ဆောင်ရွက်သင့်သလို အဆိုပါအဖွဲ့အစည်းများကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အဟန့်အတား သဖွယ်ဖြစ်တဲ့လုပ်ရပ်များကို ရပ်တန့်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များတွင် ပါဝင်ပြီး မိမိတို့ သဘောထားအမြင်များကို တင်ပြညှိနှိုင်း ဆောင်ရွက်သင့်သည့်အတွက် " ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့် အတွက် လက်ရှိနိုင်ငံတော်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များရပ်တန့်ပြီး အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားကြရန် " အဆိုအား ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။[ **သြဘာသံများ** ]

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ဦးမြတ်စိုး၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဆွေးနွေး ပေးပါရန် ဖိတ်ခေါ်ပါတယ် ။

**ဦးမြတ်စိုး၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးမှာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အခန်း(၁၂) လွှတ်တော်သို့ တင်သွင်းသည့်အဆိုများ ပုဒ်မ(၁၁၀)၊ပုဒ်မခွဲ(က)မှ ပြဋ္ဌာန်းချက်နှင့် အညီ

နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းသော ကိစ္စရပ်တစ်ခုကို ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွှန့် တင်သွင်းခဲ့တဲ့ အဆိုကို ထပ်ဆင့်ဆွေးနွေးတင်ပြလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခဲ့တဲ့ " မတူညီတဲ့သဘောထား အမြင်တွေရှိကြမှာဖြစ်သော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွါးအတွက် တူညီတဲ့ကိစ္စတို့မှာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမယ် ဒီမိုကရေစီကျင့်စဉ် နှင့်အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်ကို တရားနည်းလမ်းကျစွာဖြင့် ရယူကြမယ်ဆိုရင် လူသာမုခေါ်၊ နတ်သာမုခေါ်ကြမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရ အဖွဲ့အနေနဲ့ ငြိမ်းချမ်းရေး တံခါးကိုဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာ ဖြစ်ကြောင်း" အသိပေးပြောကြားသွားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်းမှာပါတဲ့ ငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမည်ဆိုတဲ့ သဘောထားကြီးတဲ့ ကြိုဆိုမှုအတိုင်း မတူညီတဲ့သဘောထားအမြင်တွေကို နည်းလမ်းတကျ ပါဝင် ဆောင်ရွက်လာကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ပြည်သူတိုင်းဟာ ဥပဒေနှင့်အညီ ညီညွတ်စွာနေထိုင်ကြပြီး တိုင်းရင်းသားအချင်းချင်း ညီညွတ်စွာ လက်တွဲနေထိုင်ကြမယ်ဆိုရင် နိုင်ငံသားတိုင်း ရောက်ရှိချင်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဆီ ရောက်ဖို့ရာ ဝေးမလှနိုင်ပါ။

အမြင်မတူညီလို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်နေကြမယ်ဆိုရင် ပြည်သူများ အတွက် အကျိုးမရှိသလို နိုင်ငံတော်အတွက်၊ ဒေသအတွက်လည်း စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေး များမှာ နောက်ကျကျန်ခဲ့ကြရမှာ ဖြစ်ပါတယ်။

ကန့်သတ်

## ကန့်သတ်

## ၃၁

ပြည်သူတွေရဲ့အသက်၊ စည်းစိမ်၊ အိုးအိမ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးကြရမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ (၁၄-၆-၂၀၁၁)မှ (၂၄-၆-၂၀၁၁)နေ့အထိ တံတားပေါင်း (၃၁)စင်းအပါအဝင် အခြားသော ဖောက်ခွဲဖျက်ဆီးမှု တွေဟာ ဒေသခံပြည်သူများအပြင် အေးချမ်းစွာ နေလိုကြတဲ့ နိုင်ငံသားတိုင်း လက်ခံကြမဲ့ လုပ်ရပ်မဟုတ်ဘူးဆိုတာ သိဖို့လိုသလို ယနေ့ ကမ္ဘာကလည်း ရှုတ်ချကြမှာ ဖြစ်ပါတယ်။

ယခင် အေးချမ်းတည်ငြိမ်မှုမရှိတဲ့ ကာလတွေမှာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေ တည်ဆောက်ဖို့ ခက်ခဲခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးစုအလိုက် (၁၇) ဖွဲ့တို့ဟာ နိုင်ငံတော်ရဲ့ စေတနာကို သိရှိပြီးတဲ့နောက် ငြိမ်းချမ်းရေးရယူပြီး ကာလမှာတော့ နိုင်ငံတော်တစ်ဝှမ်းလုံးမှာ တိုင်းရင်းသားလူမျိုးများရဲ့ ဒေသအသီးသီးမှာ လမ်းတွေ၊ တံတားတွေ၊ ဆည်ကြီးတွေ၊ လျှပ်စစ်စက်ရုံတွေ၊ ကျောင်းတွေ၊ တက္ကသိုလ်ကောလိပ်တွေ၊ ဆေးရုံတွေ တည်ဆောက် ဆောင်ရွက်ပေး နိုင်ခဲ့တာဟာ ကိုယ်စားလှယ်တော်များ အသိပင်ဖြစ်ပါတယ်။

လမ်းတံတားတွေကောင်းမှ စီးပွားရေးဖွံ့ဖြိုးပါမယ်၊ လျှပ်စစ်စွမ်းအင်များ ပေါများမှ နိုင်ငံတော်ရဲ့ စက်ရုံအလုပ်ရုံတွေ လည်ပတ်နိုင်ပါမယ်၊ ဒါမှ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရပါမယ်။ ယခု ကချင်ပြည်နယ်ရဲ့ ဖြစ်စဉ်ကို ကြည့်လျှင် လမ်းတွေ၊ တံတားတွေ ဖျက်ဆီးပစ်ကြတယ်၊ တာဝါတိုင်ကြီးတွေ ဖျက်ဆီးပစ်ကြတယ်၊ နိုင်ငံရပ်ခြား ပညာရှင်များပါဝင်တဲ့ အဖွဲ့များကို ခြိမ်းခြောက် ခဲ့ကြတယ်။

ဒီဖြစ်စဉ်တွေရဲ့ ဆိုးကျိုးတွေဟာ ချက်ချင်းခံစားကြရပါတယ်။ ကုန်စည်စီးဆင်းမှု ထိခိုက်သလို၊ ဒေသဖွံ့ဖြိုးရေးကိစ္စများဟာလည်း နှောင့်နှေးသွားကြရမှာ ဖြစ်ပါတယ်။ ပြည်သူတွေ ထိတ်လန့်တုန်လှုပ်နေကြတဲ့ ဒီလိုအဖျက်အမှောင့် လုပ်ရပ်များ ရပ်တန့် သွားဖို့ လိုအပ်ပါတယ်။

အမျိုးသားပြန်လည်ပေါင်းစည်း ညီညွတ်ရေးနှင့် စပ်လျဉ်း၍ ယနေ့အထိ မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်းပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများ ရှိနေကြဆဲ ဖြစ်ပါတယ်။ သို့သော် လူပုဂ္ဂိုလ်အဖွဲ့အစည်းများဟာ မြန်မာနိုင်ငံသားများ ဖြစ်ကြတဲ့အတွက် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးဆိုတဲ့အမြင်၊ လက်ရှိအစိုးရအဖွဲ့ကိုလည်း ကိုယ့်တိုင်းရင်းသားများနှင့် အဆင့်ဆင့်ပါဝင် ဖွဲ့စည်းထားတဲ့ ကိုယ့်အစိုးရဆိုတဲ့ အမြင်ရှိဖို့လိုအပ်ပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၁၂)ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်တဲ့ အခွင့်အရေးပေးပြီးဖြစ်ရာ ယင်းကို အကြောင်းပြု၍ နိုင်ငံတကာအလယ်တွင် ကိုယ့်တိုင်းပြည် ဂုဏ်သိက္ခာ ထိခိုက်အောင် ကိုယ့်ပြည်သူများ ဆုံးရှုံးနစ်နာအောင် မပြုလုပ်ကြရန် လိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့ စေတနာကို နားမလည်ဘဲ ပျက်စီးရာ ပျက်စီးကြောင်းကို ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းမှန်သမျှ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ စေတနာကို နားလည်သဘောပေါက်ပြီး ဥပဒေနှင့်အညီ လက်တွဲပါဝင်ကြ ပါလို့ တိုက်တွန်းပြောကြားရင်း ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ် ခင်ဗျား။

ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။

လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေးမှာ တင်သွင်းသွားတဲ့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့်ရဲ့ " ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်း သာယာရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော် အေးချမ်းမှု ပျက်ပြား အောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များရပ်တန့်ပြီး အမြင်မတူညီမှုများကို လူထု နည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် " ဆိုသော အဆိုကို ပြန်လည်ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ် ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ရောက်ရှိရန်အတွက် တည်ငြိမ်အေးချမ်းသာယာရေးသည် အလွန်အရေးကြီးပါသည်။ အပြန်အလှန်အားဖြင့် တည်ငြိမ်အေးချမ်း သာယာရေး မရှိလျှင် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးမဖြစ်နိုင်ပါ။

ယခုနိုင်ငံတော်၏ အချို့နေရာများတွင် အဖွဲ့အစည်းများ၏ အမြင်မတူညီမှုများ ကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားနေပါတယ်။ အဲဒီလို အခြေအနေများကြောင့် ထိုဒေသရှိ ပြည်သူလူထုများမှာ အိုးအိမ်စွန့်ခွါထွက်ပြေးရခြင်း၊ စိုက်ပျိုးရာသီတွင် လယ်ယာကိစ္စများ မဆောင်ရွက်နိုင်ခြင်း၊ ကျောင်းသားလူငယ်များ ကျောင်းစာကို ကောင်းမွန်စွာ မသင်ကြားရခြင်း စသော အခြေခံလိုအပ်ချက်များပင် မဆောင်ရွက်နိုင်ကြပဲ ဒုက္ခရောက်နေကြရပါတယ် ။

ကန့်သတ်

၃၄

နိုင်ငံတော်ဆိုသည်မှာ ပြည်သူတစ်ဦးစီ၏ စုဖွဲ့ပါဝင်မှုမှ ဖြစ်တည်လာရာ ပြည်သူများ၏ လူမှုဘဝပြီးပြည့်စုံမှ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။ ပြည်သူများရဲ့ လူနေမှုဘဝ ပြီးပြည့်စုံရန် အတွက်လည်း တည်ငြိမ်အေးချမ်း သာယာရေးသည် မရှိမဖြစ် အရေးကြီး လှပါတယ် ။

အဲဒီလို နိုင်ငံတော်အတွက် အလွန်အရေးကြီးသောကိစ္စကို ခေါ်ဆောင်ရာတွင် နိုင်ငံသား တိုင်းအဖွဲ့အစည်းတိုင်းတွင် တာဝန် ရှိပါတယ်။ ယခုလက်ရှိ တည်ငြိမ်အေးချမ်းသာယာရေးကို ဆောင်ရွက် နေသည့် နည်းလမ်းများကိုလည်း ပကတိ လက်ရှိအခြေအနေနဲ့ ကိုက်ညီရန် ရှုထောင့်စုံ မြင်ကွင်းစုံမှ အပြန်အလှန်သုံးသပ်ပြီး လျင်မြန်စွာ ဆောင်ရွက် သင့်ပါကြောင်း ပြန်လည်ဆွေးနွေးတင်ပြပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ဦးအားဖါ၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဆွေးနွေး ပေးပါရန် ဖိတ်ခေါ်အပ်ပါတယ် ခင်ဗျား။

**ဦးအားဖါ၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၁)သို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအားဖါ ဖြစ်ပါတယ်။

ကန့်သတ်

ကျွန်တော့်အနေနဲ့ ဒီကနေ့အစည်းအဝေးမှာ (၃၀-၆-၂၀၁၁) ရက်နေ့က ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)သို့ တင်သွင်းသွားခဲ့သော " ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့် အတွက် လက်ရှိနိုင်ငံတော်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက် နေကြသော ကိစ္စရပ်များရပ်တန့်ပြီး အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားကြရန် " အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးက (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်း/ပြည်ပရှိ လူပုဂ္ဂိုလ်အချို့၊ အဖွဲ့အစည်း အချို့နဲ့ ဥပဒေပြင်ပရှိ အဖွဲ့အစည်းအချို့တို့ ရှိနေကြဆဲ ဖြစ်သည်။ သို့သော်လည်း ထိုလူပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းများသည်လည်း မြန်မာနိုင်ငံသား သွေးချင်းညီအစ်ကိုများသာ ဖြစ်ကြတဲ့အတွက် မတူညီတဲ့သဘောထားအမြင်များ ရှိကြမည်ဖြစ်သော်လည်း နိုင်ငံနဲ့ ပြည်သူ့အကျိုးစီးပွား အတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်း တကျရယူခြင်းများ၊ ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း မြွက်ကြားခဲ့ပါတယ်။

ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်နဲ့တကွ ကိုယ်စားလှယ်များအားလုံးဟာ ပြည်သူက ရွေးချယ် တင်မြှောက်လိုက်တဲ့ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ကြတဲ့အတွက် သက်ဆိုင်ရာ မိမိတို့နယ်မြေဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေသော၊ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ပျက်ပြား စေသော

မည်သည့် ပြုမူ၊ ပြောဆို၊ ဆောင်ရွက်မှုများကို မဆို မဖြစ်ပေါ်လာအောင်နဲ့ ဖြစ်ပေါ် လာပါကလည်း စေတနာ၊ မေတ္တာ၊ သဒ္ဓါတရားများဖြင့် ဥပဒေနှင့် အညီ တားဆီးကာကွယ်သွားကြရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ တို့တာဝန်အရေး(၃)ပါးကို လူပုဂ္ဂိုလ်တိုင်း၊ အဖွဲ့အစည်းတိုင်း တစ်နည်းအားဖြင့် နိုင်ငံတော်မှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတိုင်းက လေးလေးနက်နက်ခံယူကျင့်သုံး လိုက်နာနိုင်ကြပြီး အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်သွားနိုင်ဖို့အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးက တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက် သွားကြပါစို့ဟု နိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ [ ဩဘာသံများ ]

**ဥက္ကဋ္ဌ။ ။** ဆက်လက်ပြီး ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဆွေးနွေး ပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

**ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ။** ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့်ရဲ့ " ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့် အတွက် လက်ရှိနိုင်ငံတော် အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များရပ်တန့်ပြီး အမြင်မတူညီမှုများ ကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် " အဆိုကို အနည်းငယ်ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား-

**ကန့်သတ်**

၄၃

ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောလုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးမှာ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့်အညီ ကချင်ပြည်နယ်နည်းတူ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံသားများ၏ အကျိုးနှင့် စပ်လျဉ်းသော ကိစ္စရပ်တစ်ခုကို အနည်းငယ်ဆွေးနွေးလိုပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေး သည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား- ယနေ့အထိ ဖြစ်ပေါ်နေတဲ့ ကျွန်တော်တို့ နိုင်ငံတွင်းအခြေအနေကို အားလုံးကြားသိရတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန်မှ လိုနေသေးသော နိုင်ငံတော်ကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထား လုပ်ကိုင်ကြသော နိုင်ငံတော်ကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာ အခက်အခဲမျိုးစုံ ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းပေါင်းစုံတို့နှင့် ငြိမ်းချမ်းရေးရယူနိုင်မည် ဆိုလျှင် မကြာခင်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ပေါ်ပေါက် လာမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး၊ ဒေသအကျိုးများစွာတို့ကို ငြိမ်းချမ်းစွာ မြန်မြန်ဆန်ဆန် ဆောင်ရွက် သွားနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုသည်မှာ အများပြည်သူတို့၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရန် တိုက်ရိုက်သက်ဆိုင် လျက်ရှိပြီး ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတို့သည်လည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေတစ်ရပ် အမှန်ပင် လိုအပ် နေပါတယ်။

သို့ပါ၍ ၄င်းဖြစ်ပျက်လျက်ရှိသော အမြင်မတူညီမှုကိစ္စရပ်များအား လူထုနည်းဖြင့် လွှတ်တော်အသီးသီးတွင် ဖြေရှင်းသွားပြီး တည်ငြိမ်အေးချမ်းသော အခြေအနေတစ်ရပ် ပိုင်းဝန်းဖန်တီးကာ ခေတ်မီတိုးတက်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ပါမည့်အကြောင်း ဆွေးနွေး ပြောကြားရင်း လွှတ်တော်၏ အဆုံးအဖြတ်ခံယူလိုပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။
[ ဩဘာသံများ ]

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ဆွေးနွေး ပေးပါရန် ဖိတ်ခေါ် အပ်ပါတယ် ခင်ဗျား။

**ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားများအားလုံး ကိုယ်စိတ်နှစ်ပါးပြည်စုံကြပါစေကြောင်း ဆုတောင်းပေးအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်မှ အင်းတိုင်းရင်းသားလူမျိုးရေး ရာဝန်ကြီး ဦးဝင်းမြင့်ဖြစ်ပြီး ကျွန်တော်နှင့် စိတ်တူသဘောတူဖြစ်တဲ့ ကချင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဒူဝါးဇုတ်ဒေါင်တို့၏ ဆန္ဒသဘောထားများကို တင်ပြသွားပါမယ်။

ကျွန်တော်တို့ဟာ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မိန့်ခွန်းနဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌလမ်းညွှန်မှာကြားချက်များကို အထူးအလေးပေးထားပါကြောင်း ရှေ့ဦးစွာ တင်ပြလိုပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီစနစ်နဲ့ ငြိမ်းချမ်းရေး ကိုအရယူပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ဖို့ လွှတ်တော်သို့ ဝင်ရောက်လာခြင်း

ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးမှာ အမြင်မတူညီ မှုကြောင့် လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထိအောင် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို စိတ်ဆန္ဒရှိသလောက် မလုပ်ဆောင်နိုင်တာကိုလည်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကို တစ်တွေ သဘောထားမတူညီတဲ့ ကိစ္စများဟာ ကချင်ပြည်နယ်သာမက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှာပါ ဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။ ဒီလိုအမြင် သဘောထား မတူညီမှု တွေကို ကျွန်တော်တို့ လက်ထက်မှာ အပြီးအပိုင်ချုပ်ငြိမ်းသွား စေရန် ကျွန်တော်တို့ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ကျွန်တော်တို့ အစိုးရဟာ ယခင်အစိုးရ အဆက်ဆက်လိုမဟုတ်ဘဲ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်အများစု ပါဝင်လာကြ သလို၊ ကျွန်တော်တို့လို တိုင်းရင်းသားဝန်ကြီးများကို ခန့်အပ်တာဝန်ချထားပေးခြင်း၊ တိုင်းရင်းသား ရေးရာကော်မတီများကိုလည်း ဖွဲ့စည်းတာဝန် ပေးအပ် ထားခြင်းဟာ အလွန်ပဲ ထူးခြားပါတယ်။ အနှစ်သာရလည်း ရှိပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း အမြင်မတူမှု များကို ကျွန်တော်တို့ တိုင်းရင်းသားဝန်ကြီးတွေ လွှတ်တော်ကိုယ်စားလှယ် တွေကလည်း တဖက်တလမ်းက ပါဝင်ဆောင်ရွက်သွားပါမယ်။ အထူးသဖြင့် အမြင်မတူသူများကို တိုင်းရင်းသား ကိုယ်စားလှယ်တွေပါဝင်တဲ့ စေ့စပ် ညှိနှိုင်းရေးအဖွဲ့ သွားရောက်တွေ့ဆုံခြင်းဖြင့် နိုင်ငံတော် တည်ငြိမ် အေးချမ်းမှု ပျက်ပြားတဲ့ကိစ္စကို ပထမဦးစွာ ရပ်တန့်သွားနိုင် ပါတယ်။ ဒီလိုရပ်တန့် သွားတဲ့ အခြေအနေကို အမိအရ ဆုပ်ကိုင်ပြီး အမြင်မတူညီမှု များကို ဒီမိုကရေစီစားပွဲဝိုင်းမှာ ကိစ္စအဝဝကို အလေးအနက်ထားပြီး ပြည်ထောင်စု စိတ်ဓါတ်ကို အခြေခံ၍ ညှိနှိုင်းမှုများကို စိတ်ရှည်စွာ လုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ ပြည်ထောင်စု ဖွားတိုင်းရင်းသား ညီအစ်ကိုတွေဖြစ်တဲ့ အတွက် အကောင်းဆုံး အဖြေတစ်ခုကိုတော့ ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့အားလုံးဟာ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ် ထားပြီး ဒီမိုကရေစီ စနစ်ကို ယုံကြည်ကြသူများ ဖြစ်ကြဖို့ မတူညီမှု အားလုံးကို ပြည်ထောင်စု စိတ်ဓါတ်ဖြင့် ဝိုင်းဝန်းအဖြေရှာကြပါလို့ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေး နှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီး မှ ဆွေးနွေးပေးပါရန် ဖိတ်ခေါ် အပ်ပါတယ် ခင်ဗျား။

**ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီး ။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျန်းမာ ရွှင်လန်းပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ကျော်ညွန့် ရဲ့ "ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့် အတွက် လက်ရှိ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ် များ ရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်သွားကြရန်" အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား-

ယခင်ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရများအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနဲ့ အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး အတွက် ကြိုးပမ်း အကောင်အထည်ဖော်ရာမှာ သူ့နည်းသူ့ဟန်နှင့် ဆောင်ရွက်ခဲ့ကြကြောင်း တွေ့မြင်နိုင်ပါတယ်။ ဖဆပလ အစိုးရလက်ထက်၊ တော်လှန်ရေး ကောင်စီ လက်ထက်တွေမှာ

D/Sai Kyaw Tun(Luttae)/S 1-2011

အထွေထွေလွတ်ငြိမ်း ချမ်းသာသည့် အမိန့်များ ထုတ်ပြန်ပြီး ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းခဲ့ကြပါတယ်။ ဖဆပလအစိုးရ က ၁၉၅၈ ခုနှစ်၊ တော်လှန်ရေး ကောင်စီအစိုးရ က ၁၉၆၃ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ က ၁၉၇၄ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များမှာ အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့်များ ထုတ်ပြန်ပေးခဲ့ပါတယ်။ တရားဝင် ထုတ်ပြန်ခြင်းမရှိပဲ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကိုလည်း ဆောင်ရွက်ခဲ့ကြပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွေ့ဆုံ ဆွေးနွေးရာမှာ ဒို့တာဝန်အရေးသုံးပါး ကိုလက်ခံနိုင်ခြင်း ရှိ/မရှိ၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တရားဥပဒေ ဘောင်အတွင်း ဝင်ရောက်နိုင်ခြင်း ရှိ/မရှိ။ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းချမှုများတွင် လုံးဝပါဝင် ပတ်သတ်မှု မရှိရန်နှင့် အားပေးမှုလည်း မပြုရန် ဆွေးနွေးကြကြောင်း သိရပါတယ်။ ဒီအချက်များကို သဘောတူလက်ခံမှသာ တည်ဆဲတရားဥပဒေများကို လိုက်နာရန်၊ နိုင်ငံတော်အားဆန့်ကျင်နေသည့် မြေပေါ် မြေအောက် အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ ဆက်သွယ်ခြင်းများမပြုလုပ်ရန်၊ သတ်မှတ်ထားသော နေရာဒေသများအတွင်း စနစ်တကျနေထိုင်ကြရန်၊ နိုင်ငံရေးနှင့်ပတ်သတ်၍ အမျိုးသားညီလာခံ တွင်သာဆွေးနွေးရန်၊ လက်နက်များကို ဆက်လက်ကိုင်ဆောင် ခွင့်ပြုသော်လည်း အမျိုးသားညီလာခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာသည့်အခါ ယင်းအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအတိုင်း လိုက်နာရန်တို့ကို အဓိကထား၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအတွက် နေထိုင်လှုပ်ရှားရန် နေရာဒေသများ သတ်မှတ်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စများ၊ အပစ်အခတ်ရပ်စဲပေးရန် အချိန်ကာလ သတ်မှတ်ပေးခြင်း ကိစ္စများ ညှိနှိုင်းဆွေးနွေးပြီးနောက် သဘောတူညီချက်များ ရယူကြသည်။ ဒီနောက်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအပေါ် မတရားအသင်းမှ ပယ်ဖျက်ကြောင်း ကြေငြာချက်ထုတ်ပြန် ပေးခဲ့ပါတယ်။

ကိုးကန့်အဖွဲ့ဟာ ၁၉၈၇ ခုနှစ်ခန့်မှစတင်ပြီး တပ်မတော်က တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆွေးနွေး ခဲ့ကြပြီး ၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက် နေ့မှာ ကိုးကန့်ကို မတရားအသင်း အဖြစ်မှ ပယ်ဖျက်ကြောင်း ကြေငြာပေးခဲ့ပါတယ်။ ကိုးကန့်ဒေသကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

၁၉၈၉ ခုနှစ် မေလ ၉ ရက်နေ့တွင် မြန်မာပြည် သွေးစည်းညီညွတ်ရေး ပါတီအား မတရား အသင်းအဖြစ်မှ ပယ်ဖျက် ပေးခဲ့ပြီး 'ဝ'ဒေသကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၁၉၈၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှာ အမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ (ရှမ်း/အခါ) အဖွဲ့အား မတရားအသင်း အဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့မှာ SSA အဖွဲ့သည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြလို့ အဲဒီနေ့မှာဘဲ SSA အဖွဲ့အား မတရားအသင်းအဖြစ်မှ ပယ်ဖျက်ကြောင်းကြေငြာပေးခဲ့ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)အဖြစ် သတ်မှတ်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ပေး ခဲ့ပါတယ်။

၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ PNO အဖွဲ့အား မတရားအသင်းအဖြစ်မှ ပယ်ဖျက်ကြောင်းကြေငြာပေးခဲ့ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ PSLA အဖွဲ့ကို ၁၉၉၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှာ မတရားအသင်းအဖြစ်မှ ပယ်ဖျက်ကြောင်း ကြေငြာပေးခဲ့ပြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇) အဖြစ် သတ်မှတ်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ(၅)ရက် နှင့် (၆)ရက်နေ့ များတွင် MTA အဖွဲ့ သည်လည်း တရားဥပဒေဘောင်အတွင်းသို့ အသီးသီး ဝင်ရောက် ခဲ့ကြပါတယ်။

တိုင်းရင်းသားပြည်သူ လူမျိုးစုများအတွက် ကောင်းမွန်သော စီးပွားရေး လုပ်ကိုင်နိုင်မှု အခွင့် အလမ်းများ၊ ဒေသတွင်းလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော လမ်းတံတားများနှင့် ပညာရေး၊ ကျန်းမာရေး ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး အတွက် နိုင်ငံတော်မှ စနစ်တကျ စီမံချက် ချမှတ်ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၀၈ ခုနှစ်မှာ ကျင်းပပြုလုပ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံ အတည်ပြုရာမှာ ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူလူထု (၉၂.၄၈) ရာခိုင် နှုန်းက တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် တရားဝင် လက်နက်စွန့် ရမှာ ဖြစ်ပါတယ်။ သို့ရာတွင် နှစ်ပေါင်းများစွာ ကိုင်တွယ်လာသော လက်နက် စွန့်လွှတ်ရေးကိစ္စနှင့် ပတ်သက်ပြီးတော့ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဖြစ်စေရေးအတွက် နယ်ခြားစောင့် တပ်ဖွဲ့များ ဖွဲ့စည်းစေပြီး ရွေးကောက်ပွဲတွင်လည်း တရားဝင် ယှဉ်ပြိုင် နိုင်စေရေး အတွက် မှန်ကန်သောလမ်းကြောင်းတစ်ရပ်ကို ဖွင့်လှစ်ပေးခဲ့ ပါတယ်။ သို့သော် အချို့လက်နက်ကိုင် အဖွဲ့အစည်းများက လက်နက်ကိုလည်း မစွန့်၊ ဒေသနေပြည်သူလူထု၏ ဆန္ဒကိုလည်း လျစ်လျူရှုပြီး ပြောဆိုခဲ့ကြ ပြန်ပါတယ်။ အခြေခံဥပဒေ နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခြင်း မရှိသေးတဲ့ လက်နက်ကိုင်အဖွဲ့အချို့ ကျန်ရှိနေသေးခြင်း ကိုလည်း စိတ်မကောင်းစွာ တွေ့ ရမှာ ဖြစ်ပါတယ်။ အမြင်မတူညီသော သဘောထားများ ရှိနေတာကို တွေ့ရှိ ရပါတယ်။

ယခုဆိုရင် အားလုံးသိပြီးတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွှန့် တင်ပြဆွေးနွေးခဲ့သလို ကချင်ပြည်နယ်မှ စတင်ပြီး KIA အဖွဲ့ရဲ့ မတူညီသော အမြင်သဘောထားများဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်ခြင်းမရှိဘဲ အကြောင်းမဲ့ ဖမ်းဆီးခြင်း၊ ဖောက်ခွဲ ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်း များအား ဆောင်ရွက်လျက်ရှိရာမှာ KIA အဖွဲ့ရဲ့ လုပ်ရပ် များအနေနဲ့ ဒေသတွင်း

တည်ငြိမ်အေးချမ်းမှုမရှိအောင် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေ လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း မရှိအောင် ဆောင်ရွက်နေတာ ဆိုရင် ၄ွန် ၁၄ ရက်မှ ၂၈ ရက်နေ့အထိ သံဘောင်ဘေလီ သံတံတား (၁၇)စင်း၊ သံကူကွန်ကရစ်တံတား (၅)စင်း၊ ကွန်ကရစ်တံတား (၂၇)စင်း၊ သစ်သားတံတား (၃)စင်း၊ စုစုပေါင်း (၅၂)စင်း ဖျက်ဆီးခဲ့ပြီးတော့ အရပ်သား (၂)ဦးအား သတ်ဖြတ်ခဲ့ကာ ဌာနဆိုင်ရာဝန်ထမ်း (၁)ဦး၊ အရပ်သား (၆)ဦး ပေါင်း (၇)ဦး ကိုလည်း ဖမ်းဆီးခေါ်ဆောင် သွားခဲ့ပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်ထဲမှာ ၁၁-၄-၁၁ ရက်နေ့က SSA အဖွဲ့ အင်အား (၂၀)ဦး ခန့်က ကျောက်မဲ မြို့နယ်၊ ခုတ်နမ့်ဆင်ဝိုင်း၏ တောင်ဘက် သစ်ထုတ်လုပ်ရေး ဆင်ဝိုင်းစခန်းတွင် တာဝန် ထမ်းဆောင် လျက်ရှိသော ဆင်ဦးစီး ဝင်းထွန်းဦး နှင့် ဦးပန်းထွန်း တို့ (၂)ဦးအား ခေါ်ဆောင် သွားခဲ့ပါတယ်။ စာတစ်စောင် အား ဆင်ဦးစီး ဝင်းထွန်းဦး ထံပေးအပ်ကာပြန်လွှတ်ပေးခဲ့ပါတယ်။ အဲဒီစာမှာ "နမ့်ခုတ်ဆင်ဝိုင်းရှိ ဆင်(၁)ကောင်လျှင် ငွေကျပ် (၇)သိန်း နှုန်းဖြင့် စုစုပေါင်း ဆင်(၂၃)ကောင် အတွက် ကျပ်သိန်းပေါင်း (၁၅၀) ကို ၁၄-၄-၁၁ ရက်နေ့ နောက်ဆုံး ထားပေးဆောင်ရန်" ရေးသား ဖော်ပြထားပါတယ်။

၁၃-၄-၁၁ ရက်နေ့(၁၉၃၀)အချိန်ခန့်က တန့်ယန်းမြို့နယ်၊ ပါဆာကျေးရွာ၊ ပါဆာ အမကကျောင်း က အထွေထွေလုပ်သား ဦးဝင်းသိန်း၊ ဇနီးဖြစ်သူ ကျောင်းအုပ်ဆရာမ ဒေါ်ရွှေဆာနှင့် ကလေး(၃)ဦးတို့ ကျောင်းဝင်းအတွင်း နေအိမ်၌ရှိနေစဉ် အစိမ်းရောင်ဝတ် ရှမ်းလူမျိုး(၃)ဦး ဝင်လာပြီး ဦးဝင်းသိန်းအား သေနတ်ဖြင့်(၅)ချက် ပစ်ခတ်ခဲ့ပြီး၊ ဒေါ်ရွှေဆာကိုလည်း သေနတ်ဖြင့်(၅)ချက် ပစ်ခတ်ခဲ့လို့ ဦးဝင်းသိန်း သေဆုံးခဲ့ပြီး၊ ဒေါ်ရွှေဆာ မှာ ဒဏ်ရာရရှိခဲ့ပါတယ်။



D/Sai Kyaw Tun(Luttae)/S 1-2011

၁၃-၄-၁၁ ရက်နေ့ ည(၈)နာရီအချိန်ခန့်က တန့်ယန်းမြို့နယ်၊ နောင်မိန်းကျေးရွာနေ အမက ကျောင်းဆရာ ဦးတင်မိုးလှိုင်သည် နေအိမ်၌ ဈေးရောင်း နေစဉ် အိမ်ရှေ့ ရွာလမ်းမပေါ်အမှောင်ထဲမှ ရှမ်းလူမျိုး တစ်ဦး က ဈေးဝယ်ဟန်ဆောင်၍ သေနတ်ဖြင့် (၃)ချက်ပစ်ခတ်ခဲ့ရာ ဦးတင်မိုးလှိုင်၏ ညာဘက်ပေါင်တွင် ရှပ်ထိဒဏ်ရာ ရရှိခဲ့ပါတယ်။

၁၈-၄-၁၁ ရက်နေ့(၂၀၃၀)အချိန်ခန့်၌ သီပေါမြို့နယ်၊ ကွန်ခိုက် ကျေးရွာအုပ်စု၊ ဗူးခါးကျေးရွာ အနီးတွင် ဗူးခါး(အမက) ကျောင်းအုပ် ဆရာမ ဒေါ်သန်းမြ နှင့် ၎င်းတို့ခင်ပွန်း ဦးကျော်ကျော် တို့(၂)ဦးအား သောင်းကျန်းသူဟု ယူဆရ သူများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ပါတယ်။ အလားတူ ရွာအပြင် ဘက် ရှိ စာသင်ကျောင်းဝင်း အတွင်း နေထိုင်တဲ့ ကျေးရွာခန့် ကျောင်းဆရာမ ဒေါ်မေလု နှင့် ၎င်း၏ ခင်ပွန်း ဦးကျော်လတ် တို့(၂)ဦးမှာလည်း သေနတ်ဒဏ်ရာ များဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပါတယ်။

၁-၅-၁၁ ရက် (၂၀၃၀)အချိန်ခန့်က မိုင်းဖြတ်ခရိုင်၊ မိုင်းယောင်းမြို့ မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်လွင်ပါ (၉)ဦးတို့သည် မိုင်းယု မြို့နယ်ခွဲရှိ အမှတ်(၁၀၀၈) နယ်ခြားစောင့်တပ်မှ တပ်ရင်းမှူး ဦးလောချာ ၏ အိမ်သစ်တက်ပွဲ သွားရောက်ခဲ့ပြီး မိုင်းယောင်းမြို့သို့ပြန်လာစဉ် သကာသ အဖွဲ့(၁)ဖွဲ့မှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့လို့ ဦးစိုးလေး သေဆုံး ခဲ့ပြီး ဦးသက်ဇော်နှင်း ဒဏ်ရာ ရရှိခဲ့ပါတယ်။

၅-၅-၁၁ ရက် ည(၉း၄၅)အချိန်ခန့်က ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်၊ မန်ဖြတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ စာရေးဝန်ထမ်း ကျော်နိုင်ထွန်း သည် နေအိမ်တွင်ရှိနေစဉ် SSA(ဝမ်ဟိုင်း) အဖွဲ့မှ အင်အား (၁၀)ဦးခန့် ရောက်ရှိလာပြီး ကျော်နိုင်ထွန်း အား ပစ်ခတ်ခဲ့ရာ သေဆုံးခဲ့ပါတယ်။

၁၅-၆-၁၁ ရက် ညနေ(၆)နာရီအချိန်ခန့် တာမိုးညဲမြို့နယ်ခွဲ၊ တာမိုးညဲ-မန်ဂျယ်လမ်း၊ ရေအား လျှပ်စစ်စက်ရုံအနီး ပေါက်ကွဲမှု ဖြစ်ပွါးပြီး ရေအားလျှပ်စစ် စက်ရုံအနီးရှိ နမ့်ဆာချောင်းကူးတံတားမှာ အလျား (၃၀)ပေခန့်၏ ကွန်ကရစ် ကြမ်းခင်းမှာ အနက်(၁)ပေ၊ အချင်း(၂)ပေခန့် အပေါက်တစ်ခုဖြစ်ပေါ်ခဲ့ပါတယ်။

၁၆-၆-၁၁ ရက် နံနက်(၀၉၄၀)အချိန်ခန့်၌ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မန်ကန်ကျေးရွာ အနီးတဝိုက်တွင် နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေသော တပ်ရင်းက မသင်္ကာဖွယ်တွေ့ရှိရတဲ့ မန်ကန် ကျေးရွာနေ ဦးမနန်တူး၊ ယောဟန်နှင့် ဦးလဘန်ကန်တို့(၃)ဦး အား စစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ ဖောက်ခွဲရေးပြုလုပ်ရာ တွင်အသုံးပြုသည့် အားမြှင့်ယမ်း ၊ ခါတ်ခဲ နှင့် ဝါယာကြိုးတွေကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ၎င်းတို့ဟာ KIA ရင်း(၂၇)မှ သင်တန်းတက်ရောက်ခဲ့ပြီး တော့မှ တပ်သား အဆင့်ဖြင့် တာဝန်ထမ်းဆောင် နေသူများ ဖြစ်ကြောင်း၊ KIA ရဲ့တာဝန်ပေးချက်အရ ၁၅-၆-၁၁ ရက်နေ့ နံနက်(၂)နာရီအချိန်ခန့်၌ နမ့်ခမ်းမြို့နယ်၊ စီမံကိန်း လမ်းပေါ်ရှိတဲ့ (၁၅)မိုင်၊ နမ့်ပန်ချောင်း တံတားအား ဖောက်ခွဲမှု ပြုလုပ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်။

၁၆-၆-၁၁ရက် (၂၂၀၀) အချိန်ခန့် တာမိုးညဲမြို့နယ်ခွဲ၊ နမ့်မော ကျေးရွာအုပ်စု၊ နမ့်ဝမ်ရွာနေ ဦးခင်မောင်ညို(ခ)မောင်ညို ကို KIA အဖွဲ့ဝင်(၃)ဦးကနေ လက်ပြန် ကြိုးတုတ်ခေါ်ဆောင်သွားပြီး နောက်ကျောမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ပါတယ်။ ၁၈-၆-၁၁ ရက် နေ့မှာလည်းပဲ မူဆယ်မြို့ ကောင်းတောင်ရပ်ကွက်၌ ပေါက်ကွဲမှု တစ်ရပ် ဖြစ်ပွား ခဲ့ပါတယ်။

၂၀-၆-၁၁ရက်(၁၂၀၀)အချိန်ခန့် ကွတ်ခိုင်မြို့နယ်၊ အူရာ ဘွမ်မန်ပြိန်း ကျေးရွာအုပ်စု၊ ဆွမ်လုံ ရွာအနီး၊ ကွတ်ခိုင်နှင့် မူဆယ်မြို့နယ် အကြား ပြည်ထောင်စုလမ်းမ ပေါ်ရှိတဲ့ မိုင်တိုင်အမှတ် ၂၅၉/၀ နှင့် ၂၅၉/၁ အကြား၊ နမ့်မွေချောင်းကို ဖြတ်၍ တည်ဆောက်ထားသော အလျား ၂၀ပေ၊ အကျယ် ၁၅ပေရှိ ကွန်ကရစ် တံတားတွင် ပေါက်ကွဲမှု ဖြစ်ပြီး လမ်းပေါ်တွင် အချင်း(၃)ပေခန့်နှင့် အနက်(၄) လက်မ ခန့်ရှိ ကျင်း(၂)ခု ဖြစ်ပေါ်ခဲ့ပါတယ်။

ကန့်သတ်

၄၇

၂၅-၆-၁၁ ရက် ည(၁၂)နာရီအချိန်ခန့်၌ ရှမ်းပြည်နယ်၊ နမ့်ခမ်း မြို့နယ်၊ မန်ဆွမ်းကျေးရွာတွင် အဖွဲ့တစ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် နမ့်ခမ်း မြို့နယ်၊ မန်ဆွမ်းကျေးရွာအုပ်စု၊ မန်ဆွမ်းကျေးရွာ အိမ်အမှတ်၊ (မဆ/၅၂)ရှိတဲ့ ဝါးတဲငယ်အတွင်း ၌ ကျော်ဝင်းညွန့်၊ ဆံရှည်၊ ချစ်မြတို့ သေနတ်ဒဏ်ရာများ အသီးသီး ရရှိ သေဆုံးနေသည်ကို တွေ့ရှိခဲ့ပါတယ်။

၂၉-၆-၁၁ ရက် နံနက် (၀၇၀၅)အချိန်ခန့် လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့၊ မိုင်းရှူး-တန့်ယန်း ကားဂိတ်အနီး ဗုံး(၃)လုံး ပေါက်ကွဲခဲ့ပြီး၊ တောင်ယာလုပ်ရန် သွားရောက်သော ပြည်သူ(၂)ဦး သေဆုံး၍ (၂)ဦး ဒဏ်ရာ ရရှိခဲ့ပါတယ်။

တင်ပြပါ အဖျက်လုပ်ငန်းများက နိုင်ငံအကျိုး၊ ဒေသအကျိုးကို များစွာ ထိခိုက်နစ်နာစေပြီး ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ လမ်းပန်း ဆက်သွယ်မှုများစွာ ထိခိုက်ဆုံးရှုံးစေခဲ့ပါတယ်။

မတူညီသည့် သဘောထားအမြင်များ ရှိကြမည် ဖြစ်သော်လည်း နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွား အတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းတကျ ရယူခြင်းများ ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်အစိုးရ အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်း ကြိုဆိုနေမည်ဖြစ်ကြောင်း တရားဝင် အသိပေး ပြောကြားထားပြီးဖြစ်ပါတယ်။ ယခုလို ပစ်ခတ်ခြင်း၊ မိုင်းထောင် ဖောက်ခွဲခြင်း၊ လမ်းပန်း ဆက်သွယ်မှုခက်ခဲအောင် ဆောင်ရွက်ခြင်းတို့ဟာ လူမိုက် လမ်းစဉ်သာဖြစ်ပါတယ်။ လူထုလမ်းစဉ်ဖြစ်တဲ့ လွှတ်တော်အဆင့်ဆင့်မှ တင်ပြပြီး လိုအပ်သည့် ဆန္ဒများအား ပြည်သူလူထု သဘောထားကို ရယူပြီး ဆောင်ရွက် သင့်ပါတယ်။ လက်နက်ကိုင် အဖွဲ့များ အနေဖြင့်နိုင်ငံတော်၏ သဘောထားကို သဘောပေါက် နားလည် လက်ခံရန် လိုအပ်ပါတယ်။

ကန့်သတ်

သို့ပါ၍ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့် ၏ "ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိ နိုင်ငံတော် တည်ငြိမ် အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက် နေကြသော ကိစ္စရပ်များရပ်တန့်၍ အမြင် မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန်" အဆိုနှင့် စပ်လျဉ်းပြီး လူမိုက်နည်းဖြင့် အဖျက်လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုဘဲ လူထုနည်းဖြစ်သော ကိုယ်စားလှယ် များမှ တဆင့် လွှတ်တော်တွင် တင်ပြဆွေးနွေး ဆုံးဖြတ်ခြင်းများ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေး ပြောကြားရင်း လွှတ်တော်၏ အဆုံးအဖြတ်ခံယူလိုပါကြောင်း တင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၇)ဦးမှ ဆွေးနွေးသွားသော ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးအောင်ကျော်ညွှန့်ရဲ့ " ခေတ်မီ ဖွံ့ဖြိုးတိုးတက် သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြား အောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များ မဖြစ်ပေါ်စေရေး အတွက် အမြင်မတူညီမှုများကို လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက် သွားကြရန် " အဆိုနှင့် ဆွေးနွေးချက်များအား ပြည်နယ်လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား ။

[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသဖြင့် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးအောင်ကျော်ညွန့်ရဲ့ " ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ ရောက်ရှိရန် တည်ငြိမ်အေးချမ်းရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များအားရပ်တန့်ပြီး အမြင်မတူညီမှုများကို လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန်" အဆိုနှင့် ဆွေးနွေးချက်များအား ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ် ။ [ သြဘာသံများ ]

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်း ပြောကြားသွားမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ် အပ်ပါတယ်။

**ပြည်နယ်ဝန်ကြီးချုပ်။** ။အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို တက်ရောက် လာကြတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကျွန်တော် အနေနှင့် တင်ပြသွားချင်ပါတယ်။ အပိုင်း(၃)ပိုင်းခွဲပြီး တင်ပြသွားပါမယ်။

ပထမအပိုင်း ကတော့ ပြီးခဲ့တဲ့ ပထမအကြိမ် ပုံမှန်လွှတ်တော် အစည်းအဝေးမှာ လွှတ်တော် ကိုယ်စားလှယ်များနဲ့ လွှတ်တော်များ ဘာလုပ်ခဲ့သလဲဆိုတဲ့ အပိုင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်သို့ ဖြေရမယ်ဆိုရင် မိမိအပိုင်းနှင့်ပတ်သက်လို့ ဇန်နဝါရီ(၃၁) ရက်မှ မတ်လ(၃၀) ရက် အထိ ပြုလုပ်ခဲ့တဲ့ လွှတ်တော်များ ပထမအကြိမ် ပုံမှန်အစည်းအဝေး ဟာ နိုင်ငံတော်အေးချမ်း သာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီက ခေါ်ယူပေးခဲ့တဲ့ အစည်းအဝေး ဖြစ်ပါတယ်။ အဲဒီ အစည်းအဝေးမှာ လွှတ်တော်ဖွဲ့စည်းခြင်း၊ အမြဲတမ်းကော်မတီများ ဖွဲ့စည်းခြင်း၊ ပူးပေါင်း ကော်မတီများ ဖွဲ့စည်းခြင်းများကို ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဥပဒေ ကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေး ကော်မတီနဲ့၊ အစိုးရရဲ့အာမခံချက်များ၊ ဂတိများနဲ့ တာဝန် ခံချက်များ စီစစ်ရေးကော်မတီတို့ကို ရွေးချယ် ဖွဲ့စည်း နိုင်ခဲ့ပါတယ်။

လွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယ ဥက္ကဋ္ဌများ ရွေးချယ်ခြင်း၊ နိုင်ငံတော်ဒုတိယသမ္မတရွေးချယ်ခြင်းနဲ့ နိုင်ငံတော် သမ္မတ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြန်ပြီးတော့ ဝန်ကြီးဌာန(၃၄)ခုနဲ့ ဝန်ကြီး ဦးရေ(၃၀)ဦး တို့ကို လည်းကောင်း ရွေးချယ်ပေးခဲ့ပါတယ်။ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်(၈)ဦး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်(၆)ဦး၊ ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီး (၆)ဦး၊ ပြည်ထောင်စု ရှေ့နေချုပ်နဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ကိုလည်း ရွေးချယ်တင်မြှောက် နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှာလည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ နောက်ကျွန်တော်တို့ကော်မတီ(၂)ရပ်ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအဆင့် ပထမအကြိမ်

ပုံမှန်အစည်းအဝေးမှာ ဆိုရင် ကိုယ်စားလှယ်များရဲ့ မေးခွန်း(၁၀၆)ခုနဲ့ အဆို(၄၃)ခုတို့ကို တင်သွင်း မေးမြန်းရာမှာ မေးခွန်း(၁၀၆)ခု ဖြေကြားခဲ့ပြီး အဆို (၄၃)ခု ကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ချက်ချမှတ် နိုင်ခဲ့ပါတယ်။ ဤမျှသာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကိုယ်စားလှယ်များနဲ့ လွှတ်တော် အနေဖြင့် မိမိတို့ ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်တွေ လုပ်ဆောင်ရန် များစွာ ကျန်ရှိနေပါသေးတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ အမှန်ကတော့ပြည်သူများဟာ အချုပ်အခြာအာဏာကို ပိုင်တဲ့ မူလပိုင်ရှင်များ ဖြစ်ပါတယ်။ ပြည်သူများက ရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များသည်လည်း သက်ဆိုင်ရာလွှတ်တော် အသီးသီးကို ရောက်ရှိခဲ့ပြီး လွှတ်တော် များဖွဲ့စည်းခြင်း၊ လွှတ်တော် ကော်မတီများဖွဲ့စည်းခြင်း၊ လွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်သမ္မတကို ရွေးချယ်ပေးခြင်း၊ နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့၊ တရားရေးဆိုင်ရာအဖွဲ့များနဲ့ အခြားပြည်ထောင်စုအဖွဲ့အစည်းများကို ရွေးချယ်ပေးပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြု ဖွဲ့စည်း ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်း ထားတဲ့အတွက် ပြည်သူများ၏ အာဏာစိုးမိုးမှုဟာ လွှတ်တော်မှာ ရှိနေတယ်လို့ သဘောပေါက်ကြရမှာ ဖြစ်ပါတယ်။ အစိုးရနဲ့ တရားရေး အဖွဲ့များကို လွှတ်တော် က အာဏာခွဲဝေ၊ လွှဲအပ်ပြီးတဲ့ နောက်မှာလည်း ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ချမှတ်တဲ့၊ အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ရမယ်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၂၈ မှာ ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ် ပါတယ်။

ကျွန်တော်တို့ ဆက်လက်ပြီး **ဒုတိယ**အပိုင်းကတော့ လွှတ်တော်၊ လွှတ်တော်ကော်မတီများ နဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဘာလုပ် နေကြသလဲလို့ မေးထားပါတယ်။

လွှတ်တော်၊ လွှတ်တော်ကော်မတီများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဘာလုပ်နေကြသလဲမေးရင်၊ လွှတ်တော် တို့ အရည်အချင်းရှိပြီး ခိုင်မာတောင့်တင်းရန်နဲ့ ခိုင်မြဲရန် လုပ်နေတယ်လို့ ဖြေရမှာဖြစ်ပါတယ်။

လွှတ်တော်မှာ အဓိကတာဝန်ကြီး (၂)ရပ်ရှိပါတယ်။ အဲဒီတာဝန်တွေကတော့

(၁) ဥပဒေပြုရေးတာဝန်

(၂) လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားရေးအဖွဲ့တို့ အပြန်အလှန်ထိန်းကျောင်းမှု Reciprocal Control of Check and Balance လုပ်နေရေးတာဝန် တို့ပဲ ဖြစ်ပါတယ်။

ဒီတာဝန်တွေကို ထမ်းဆောင်နိုင်ရေးအတွက် လွှတ်တော်များမှာ လွှတ်တော်ကိုယ်စားများနဲ့ အထူးသဖြင့် လွှတ်တော်ကော်မတီများရဲ့ စွမ်းဆောင်ရည် မြင့်မားရေး အတွက် Capicity Building ပြုလုပ်လျက်ရှိပါတယ်။

စွမ်းဆောင်ရည် မြှင့်တင်တဲ့နေရာမှာ လွှတ်တော်များက အဓိကထမ်းဆောင် ရမယ့် တာဝန်များအတွက် ဥပဒေပြုရေးတာဝန် ထမ်းဆောင်ရန်ဆိုတဲ့နေရာမှာ ဥပဒေပညာရှင်များ မဟုတ်သော်လည်း မိမိတို့ရဲ့ အတွေ့အကြုံ၊ ဗဟုသုတ၊ ဉာဏ်အမြော်အမြင်၊ ဆင်ခြင်တုံတရား များနဲ့ နိုင်ငံရေး၊ နိုင်ငံ့အရေးစိတ်စေတနာ Political will ဖြင့် ဥပဒေ ပြုရေးတာဝန်ထမ်းဆောင်နိုင်ရေးအတွက် လွှတ်တော်မှာ လွှတ်တော်ကော်မတီ(၄)ရပ်မှ ကော်မတီဝင်များနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌများ ကို ခေါ်ယူပြီး

(၁) မိမိကိုယ်တိုင်လေ့လာခြင်း၊ Self Study

(၂) အချင်းချင်းဆွေးနွေးခြင်း၊ Discussion

(၃) အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့်

(၄) အခြားနိုင်ငံများမှာရှိ လွှတ်တော်များနဲ့ အပြန်အလှန် လည်ပတ်ခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်လျက် ရှိပါတယ်။

ကန့်သတ်

၅၃

ထိုကဲ့သို့ လေ့လာ၊ ဆွေးနွေး၊ ညှိနှိုင်းတိုင်ပင် ရာမှာ မိမိတို့ လွှတ်တော်နဲ့ အမြဲတမ်းကော်မတီများ၊ လွှတ်တော် ကိုယ်စားလှယ်များ ဟာ ဥပဒေပြုရမယ်လို့ ဆိုရာမှာ တည်ဆဲဥပဒေ များကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနဲ့ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းတို့လည်း ပါဝင်ရန် လိုအပ်ပါတယ်။ တည်ဆဲဥပဒေများကို ပြန်လည် သုံးသပ်ရာမှာ ဘယ်ဥပဒေမှာ ဘယ်အပိုင်းကို ဖျက်သိမ်း ရမယ်(သို့မဟုတ်) ပြင်ဆင်ရမယ်၊ အသစ်ပြဋ္ဌာန်းရမယ် တို့ကို လေ့လာစိစစ်ဖို့လိုပါတယ်။

ဥပဒေတစ်ရပ်ကို လေ့လာသုံးသပ်ရာမှာလည်း

(၁) ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် နိုင်မှု ရှိ/မရှိ။

(၂) နိုင်ငံတော်အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှု ရှိ/မရှိ။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ညီညွတ်မှု ရှိ/မရှိ။

(၄) လက်တွေ့ဆောင်ရွက်နိုင်မှု ရှိ/မရှိ။

(၅) အပြည်ပြည်ဆိုင်ရာဥပဒေ၊ မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေတဲ့ Convention များ၊ Treaty များနဲ့ ညီညွတ်ခြင်း ရှိ/မရှိ သုံးသပ်ပြီးမှသာဥပဒေ ပြုပြင်ခြင်း အလုပ်ကိုပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကို ရေးဆွဲနိုင်ရင် ဥပဒေကြမ်းရေးဆွဲ တင်ပြရန်၊ လွှတ်တော် ကိုယ်စားလှယ်များက ဆောင်ရွက်ရမှာ ဖြစ်သလို ဥပဒေကြမ်း မပြုနိုင်ရင် မပြုတတ်ရင်၊ သက်ဆိုင်ရာတာဝန်ရှိသူ များနဲ့ ဌာနများက ဥပဒေကြမ်း ပြုရေး အဆိုများ တင်သွင်းကြရမှာ ဖြစ်ပါတယ်။

ထိုနည်းတူ တာဝန်ရှိသူများနဲ့ ဌာနများမှ ဥပဒေကြမ်းများ တင်ပြလာလို့ဆိုရင် လွှတ်တော်များမှာ ဆွေးနွေးပြီး ဥပဒေကြမ်း ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ဆွေးနွေးချက်ကို အခြား လွှတ်တော်သို့ ပေးပို့ ဆွေးနွေးတဲ့အခါ သဘောတူ ရင် ပြည်ထောင်စုလွှတ်တော်က သဘောတူတယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းများကို လက်မှတ်ရေးထိုး ထုတ်ပြန်ဖို့ နိုင်ငံတော်သမ္မတထံ ပေးပို့ရမှာ ဖြစ်ပြီးတော့ နိုင်ငံတော်သမ္မတက မှတ်ချက်ပြုပြီး ပြန်လည် ပေးပို့ရင် လွှတ်တော်က လက်ခံ ပြင်ဆင်လျှင်သော်လည်းကောင်း၊ မပြင်ဆင်လျှင်သော်လည်းကောင်း (၁၄)ရက်တွင် ဥပဒေအဖြစ်တည်ရှိမှာ ဖြစ်ပါတယ်။

ဥပဒေပြုရန် လွှတ်တော်များက တာဝန်ရှိတယ်လို့ ဆိုသော်လည်း ဥပဒေများကို ကျင့်သုံးဆောင်ရွက်နေကြတဲ့ အစိုးရအဖွဲ့များနဲ့ သက်ဆိုင်ရာဌာနများမှာလည်း ဥပဒေကြမ်းတင်သွင်းရန် တာဝန်ရှိသလို ပြည်သူ့ကိုယ်စားလှယ်များကလည်း ဥပဒေကြမ်းကို တင်သွင်းကြဖို့ လိုအပ်ပါတယ်။

ထိုသို့ ဥပဒေကြမ်း တင်သွင်းလာရင် ပြည်သူ့လွှတ်တော်မှာဖြစ်စေ၊ စတင် တင်သွင်းတဲ့ ဥပဒေကြမ်းကို လွှတ်တော်(၂)ရပ်လုံးက အတည်ပြုရင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုတယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

ဥပဒေဟုဆိုရာမှာလည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ အမိန့် ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းများ လက်စွဲ Manual များ ပါဝင်နိုင်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ဟာ လွှတ်တော်တစ်ရပ်ကို ပြဋ္ဌာန်းရင်

(၁) ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းတဲ့ ပြည်ထောင်စု အဖွဲ့အစည်းတစ်ရပ်ရပ်ကို ယင်းဥပဒေနဲ့ သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်း နဲ့ စည်းကမ်းများ၊ ထုတ်ပြန်ခွင့်ကို အပ်နှင်း နိုင်ကြောင်း။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း (သို့မဟုတ်) အာဏာပိုင်ကို ယင်း ဥပဒေနဲ့ သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်ကြောင်း။

ထိုကဲ့သို့ ထုတ်ပြန်ရာမှာ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နဲ့ အညီ ညီညွတ်မှုရှိရန် လိုအပ်ပါတယ်။

ဥပဒေများဆိုရာတွင်လည်း

(၁) ဖွဲ့စည်းပုံ အခြေခံဥပဒေ။

(၂) လွှတ်တော်ဥပဒေနဲ့ နည်းဥပဒေများ။

(၃) အခြားတည်ဆဲ ဥပဒေများ။

(၄) မိမိတို့နိုင်ငံက လက်ခံကျင့်သုံးလျှက်ရှိတဲ့ Conven tion များနဲ့ Treaty များပါဝင်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိနဲ့ သက်ဆိုင်တဲ့ လွှတ်တော် မဲဆန္ဒနယ် အသီးသီးကိုသွားပြီး ပထမအကြိမ်လွှတ်တော် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များကို ပြန်လည်ရှင်းလင်း တင်ပြခြင်းများ ပြုလုပ် နေသလို၊ သက်ဆိုင်ရာမဲဆန္ဒနယ် အသီးသီးမှာရှိတဲ့ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒ၊ သဘောထားများကို မြင်အောင်ကြည့်၊ ကြားအောင်နားထောင်ပြီး သက်ဆိုင်ရာ လွှတ်တော် ဥက္ကဋ္ဌများထံ တင်ပြခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ ပြုလုပ်နေကြသလို ပြုလုပ်နေကြရမှာလည်း ဖြစ်ပါတယ်။

အလျဉ်းသင့်လို့ ရက်ပိုင်းအတွင်းကဖြစ်ခဲ့တဲ့ ကချင် ပြည်နယ် အတွင်း အခြေအနေကို တင်ပြလိုပါတယ်။ တပ်မတော်နဲ့ KIA တို့အကြားမှာ ပစ်ခတ်မှုများဖြစ်ခဲ့လို့ ပြည်သူလူထုတွေ ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ခဲ့ရပါတယ်။ အလားတူ နိုင်ငံအတွင်း မှာလည်း စိုးရိမ်ကြောင့်ကြစရာများ ဖြစ်ပေါ်ခဲ့ပါတယ်။ ထိုအချိန်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

တစ်ဦးဖြစ်တဲ့ ဦးသိန်းစော်ဟာ မြစ်ကြီးနား မြို့ကို ရောက်နေချိန်ဖြစ်လို့ သက်ဆိုင်သူများနဲ့ ညှိနှိုင်းခဲ့လို့ ပစ်ခတ်မှုများ ဆက်လက်မ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ယခုဆိုရင် မူလအခြေအနေနီးပါး တည်ငြိမ်အေးချမ်း မှုများ ရရှိလာပြီဖြစ်ပါတယ်။ ထိုကဲ့သို့ တာဝန်သိသော ပြည်သူ၊ တာဝန်ရှိ၍ တာဝန်ကျေသော ပြည်သူ့ ကိုယ်စား လှယ်များ အနေနဲ့ မိမိနယ်မြေအတွင်း အလားတူ လုပ်ဆောင်ရန် လိုအပ်ပါတယ်။

တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသောအကြောင်းများ ပေါ်ပေါက်ရန် အလားအလာများရှိလာရင် ကြိုတင်ဖြေရှင်းခြင်း၊ ပေါ်ပေါက်လာရင်လည်း မဖြစ်မနေပါဝင် ဖြေရှင်းခြင်းတို့ကို ပြည်သူ့ ကိုယ်စားလှယ်များက မှန်ကန်စွာ ဆောင်ရွက်ကြရန် လိုအပ်ပါတယ်။

မိမိတို့လွှတ်တော်များ စတင်ဖွဲ့စည်းဆောင်ရွက်စဉ်က ယနေ့ထိ လွှတ်တော်ကိုယ်စားလှယ် အသီးသီးထားရှိရမယ့် သဘောထားများမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ မာန်မာနများ မထားရှိဘဲ ပြည်သူတွေအတွက်၊ နိုင်ငံအတွက်၊ ပြည်ထောင်စုအတွက် ပြည်သူ့ အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွား၊ ပြည်ထောင်စု အကျိုးစီးပွားအတွက် တစ်စိတ်တစ်ဝမ်းတည်း ဆောင်ရွက်ကြရေးသန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေအဖြစ် ထုတ်ပြန်ကြေငြာခြင်းကို ဆောင်ရွက် ရာမှာလည်း လွှတ်တော်နဲ့ နိုင်ငံတော်သမ္မတအကြား၊ Check and Balance ဖြစ်အောင် အခြေခံဥပဒေများ သတ်မှတ်ပြဋ္ဌာန်း ထားပါတယ်။

အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရာမှာလည်း သိမ်မွေ့မှုနဲ့ ထိရောက်အဆင်ပြေမှု ရှိဖို့လည်း လိုအပ်ပါတယ်။ ဥပဒေပြုဖို့ တာဝန်ရှိတဲ့ လွှတ်တော်၊ လွှတ်တော် ကော်မတီများနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊ ရပိုင်ခွင့်များကို မှန်ကန်ထိရောက်စွာ အသုံးပြုရန် လိုအပ်ပါတယ်။ မိမိတို့ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊

ရပိုင်ခွင့်များနဲ့ အခြားနိုင်ငံအသီးသီးရှိ လွှတ်တော်များရဲ့ ဖွဲ့စည်းမှုများ၊ တာဝန် လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို နှိုင်းယှဉ်ချိန်ထိုးပြီး မိမိလွှတ်တော်အတွင်း ဖွဲ့စည်းမှုများ၊ တာဝန်သတ်မှတ်ချက်များ လုပ်ပိုင်ခွင့်နဲ့ အခွင့်အရေးများကို မိမိတို့လွှတ်တော်၊ မိမိနိုင်ငံနဲ့ လျော်ညီတဲ့ ဖွဲ့စည်းလုပ်ဆောင်မှုများကို လုပ်ဆောင်နိုင်တဲ့ စွမ်းရည်တွေရှိဖို့လိုအပ်ပါတယ်။

ထိုကဲ့သို့ လုပ်ဆောင်နိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်မှာရှိတဲ့ အမြဲတမ်းကော်မတီ(၄)ရပ်စီနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ လွှတ်တော်ဥက္ကဋ္ဌများကို ခေါ်ယူစုစည်းပြီး လေ့လာမှု၊ ဆွေးနွေးမှု၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာမှာလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းတဲ့ စာတမ်းပေါင်း (၂၃)ခုနဲ့ အခြားအတွေ့အကြုံရင့်ကျက်တဲ့ ပညာရှင်များရဲ့ ဆွေးနွေးမှု(၃)ကြိမ်တို့ကို ဆောင်ရွက်နိုင် ခဲ့ပါတယ်။

အလားတူ အစိုးရအဖွဲ့သည် ပြည်သူအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားအတွက် စီမံခန့်ခွဲ၊ အုပ်ချုပ်ကွပ်ကဲ ဆောင်ရွက်တဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားနဲ့ရည်ရွယ်ချက်ဟာ၊ အစိုးရအဖွဲ့သဘောထားနဲ့ ရည်ရွယ်ချက်အတိုင်း ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ခြုံငုံပြောဆို သုံးသပ်ရရင်၊ လွှတ်တော်တွေက ပြုစုရေးဆွဲ ပြဋ္ဌာန်းတဲ့ ဥပဒေများကို အစိုးရအဖွဲ့အကြီးအကဲ နိုင်ငံတော်သမ္မတက အတည်ပြုပေးရသလို၊ ပြဋ္ဌာန်းထုတ်ပြန်ထားတဲ့ ဥပဒေများကို ပြည်သူများ ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်များနဲ့ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ဒေသဦးစီးအဖွဲ့၊ အဖွဲ့ဝင်များအားလုံး၊ ဌာနဆိုင်ရာများအားလုံး၊ အသင်းအဖွဲ့များအားလုံး လိုက်နာဆောင်ရွက် ကြရမှာဖြစ်ပါတယ်။

မူဖြင့် အုပ်ချုပ်ရသော စနစ်ဖြစ်၍ ဥပဒေပြုပြီးမှသာ ဥပဒေအတိုင်း လိုက်နာဆောင်ရွက် သွားကြရမှာ ဖြစ်ပါတယ်။ ( No one is above the law) မည်သူမှ ဥပဒေအထက်တွင်မရှိရ။ ( No one can stay beyond the Law )ဥပဒေပြင်ပတွင် မည်သူမျှ မနေရဟူသည့် အတိုင်း ဥပဒေ၏ အောက်တွင်သာနေကြရမှာ ဖြစ်ပါတယ်။

တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လက်ရှိခေတ်၊ စနစ်နဲ့ လျော်ညီတဲ့ ပြည်သူနဲ့နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းပြီး ပြည်သူနဲ့ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ ဥပဒေများ ဖြစ်တည်ပေါ်ထွန်းရေး၊ ထိုဥပဒေများအတိုင်းပြည်သူ၊ အစိုးရနဲ့ တရားရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်း အသီးသီးတို့ဟာ အလွန်အရေးကြီး ပါတယ်။

ဒါကြောင့် လွှတ်တော်ရှိနေရန်၊ လွှတ်တော်ခိုင်မာရန်၊ လွှတ်တော်ခိုင်မြဲရန် လိုအပ်ပါတယ်။ လွှတ်တော်မရှိရင် ပြည်သူ့အာဏာမရှိ၊ ပြည်သူ့အာဏာမရှိရင် ပြည်သူများ ဘဝနစ်နာဆုံးရှုံးမယ်၊ ပြည်သူများနစ်နာဆုံးရှုံးမယ်၊ နိုင်ငံတော် အကျိုးစီးပွားထိခိုက် ပျက်စီးမှာ ဖြစ်ပါတယ်။ လွှတ်တော်မရှိခဲ့တဲ့ အချိန်မှာ မိမိနိုင်ငံနဲ့ ပြည်သူများကို ပြစ်တင်ဝေဖန်မှု၊ ဖိနှိပ်မှုမျိုးစုံ ခံခဲ့ရတာကို မမေ့အပ်ပါဘူး။

ကျွန်တော်တို့ ဒီနေ့ လွှတ်တော်များ ပြန်လည်ပေါ်ပေါက် အသက်ဝင်လှုပ်ရှားနေပြီ၊ ပြည်သူများကလည်း စိတ်ဝင်စားအလေးထားလျက်ရှိပါတယ်။ နိုင်ငံတကာမှလည်း စိတ်ဝင်စား၊ အလေးထားပြီး လာရောက်တွေ့ဆုံနေကြတာလည်း တွေ့နေကြပြီး ဖြစ်ပါတယ်။

မိမိတို့ရဲ့ လွှတ်တော်များဟာ ပြည်သူတွေရဲ့ ဝေဖန်စိစစ်မှု၊ နိုင်ငံတကာရဲ့ စောင့်ကြည့်စစ်ဆေး အကဲဖြတ်မှုတို့ကို လက်ခံနိုင်ရမှာ ဖြစ်ပါတယ်။

## ၁၉

ပြည်သူများဟာ ငြိမ်းချမ်းခြင်းကို မြတ်နိုးတယ်၊ လေးစား တန်ဖိုးထားတယ်၊ ငြိမ်းချမ်းရေးကို တည်ဆောက်လိုကြပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ ကျွန်ုပ်တို့ရဲ့ လွှတ်တော်များဟာလည်း ငြိမ်းချမ်းရေးအတွက် တရားရှိရန်၊ တရားသိရန် လိုအပ်ပါတယ်။ ပြီးတာတွေ ပြန်မရနိုင်၊ ပြန်မလာနိုင်တော့တဲ့အတွက် သင်ခန်းစာယူ ရမှာဖြစ်ပါတယ်။ အတိတ်ကာလ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး မကောင်းတာတွေ ဖြစ်မလာရအောင်နဲ့ ကောင်းတာတွေ ဖြစ်ပေါ်လာအောင်၊ စဉ်းစား ချင့်ချိန် တွက်ဆ ဆောင်ရွက်ကြရန် လိုပါတယ်။

ကိုယ်စားလှယ်များကို ထပ်မံတိုက်တွန်း လိုတာ ကတော့၊ ပြည်သူ့ကိုယ်စားလှယ်များပီပီ မိမိတို့ရဲ့နယ်မြေ များအတွင်း တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေတဲ့ ပြုမူ ပြောဆို ဆောင်ရွက်မှုတွေ မဖြစ်ပေါ်လာစေရေးနဲ့ ဖြစ်ပေါ်လာရင်လည်း စေတနာ၊ မေတ္တာ၊ သဒ္ဓါတရားများဖြင့် ဥပဒေနဲ့အညီ တားဆီးကာကွယ် သွားကြစေ လိုပါတယ်။

ပြည်သူကိုတကယ်ချစ်တဲ့၊ တိုင်းပြည်ကိုတကယ်ချစ်တဲ့ လုပ်ဆောင်မှုတွေ အမှန်တကယ်ဖြစ်ထွန်းရေးဟာ ယနေ့အချိန်မှာ အမှန်တကယ်ပင် လိုအပ်နေပြီ ဖြစ်ပါတယ်။

မိမိတို့သွားရောက်လိုတဲ့ ရည်မှန်းချက်ဖြစ်တဲ့၊ အေးချမ်း သာယာပြီး၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော် ဖြစ်လာစေရေးကို ဒီမိုကရေစီ ကျင့်စဉ်တွေနဲ့ စနစ်တကျ မှန်မှန်ကန်ကန် စည်းကမ်းရှိရှိ ဆောင်ရွက်နိုင်မှသာ ယနေ့လက်ငင်းလိုအပ်ချက် ဖြစ်သလို၊ အနာဂတ်အတွက်ပါ အလွန်အရေးကြီးပါတယ်။

ရည်မှန်းချက်ကြီးလွန်းခြင်း( Over Ambition ) မျှော်လင့်ချက် ထားလွန်းခြင်း၊ ( Over Expectation )တွေရဲ့ အချက်တွေဟာ လွဲချော်တိမ်းပါးမှု ဖြစ်တတ်တာကိုလည်း သတိပြုရန် လိုပါတယ်။

အချို့နိုင်ငံများမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကို ပြည်သူကို အကာအကွယ်ပြုရေး ( Responsible to Protect Civilian )ကို အကြောင်းပြုပြီး ဆောင်ရွက်နေတယ်။ ဒါပေမဲ့ အမှန်တကယ်မှာတော့ အဲဒီနိုင်ငံများမှာရှိတဲ့ ပြည်သူတွေ သေကြေပျက်စီး၊ ဒုက္ခမျိုးစုံဖြစ်ပေါ်နေမှုများကို ကြားသိတွေ့မြင်နေကြရခြင်းမှာ အင်မတန်မှဝမ်းနည်းဖွယ်ရာ၊ သင်ခန်းစာယူစရာများပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူများကလည်း သင်ခန်းစာယူပြီး မှန်ကန်စွာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**တတိယအပိုင်းအနေနဲ့ လွှတ်တော်ဘယ်တော့ခေါ်မလဲ** ဆိုတဲ့မေးခွန်းဘဲဖြစ်ပါတယ်။ ဒီမေးခွန်းကိုမဖြေခင် လွှတ်တော်အစည်းအဝေး (၃)မျိုး ရှိတာကို သိဖို့လိုပါတယ်-

(၁) ပုံမှန် အစည်းအဝေး

(၂) အထူး အစည်းအဝေး

(၃) အရေးပေါ် အစည်းအဝေး ဟူ၍ဖြစ်ပါတယ်။

ပုံမှန် အစည်းအဝေးကတော့ အနည်းဆုံး(၂၁)ရက် ကြိုတင်ဖိတ်ကြားဖို့ လိုပါတယ်။ အထူးအစည်းအဝေးကို အနည်းဆုံး(၁၅)ရက် ကြိုတင်ဖိတ်ကြား ရမှာဖြစ်ပြီး၊ အရေးပေါ်အစည်းအဝေးကို အနည်းဆုံး (၃)ရက် ကြိုတင် ဖိတ်ကြားရမှာ ဖြစ်ပါတယ်။

ပုံမှန် အစည်းအဝေး တစ်ကြိမ်နဲ့တစ်ကြိမ် အကြား အကြာဆုံးကာလဟာ (၁၂)လထက် မပိုစေရလို့ သတ်မှတ်ထားပါတယ်။ ဒါကြောင့် ဘယ်တော့ခေါ်မလဲဆိုတဲ့ မေးခွန်း ကို ဖြေရမယ်ဆိုရင် လွှတ်တော်ခေါ်ရန် အကြောင်းပေါ် ပေါက်လာရင် လွှတ်တော်ခေါ်ယူ ကျင်းပမှာဖြစ်ပါတယ်။

လွှတ်တော်အစည်းအဝေးကို အနည်းဆုံး(၂၁)ရက် ကြိုတင်ဖိတ်ကြားခံရရင် ပုံမှန်အစည်းအဝေး၊ အနည်းဆုံး (၁၅)ရက် ကြိုတင်ဖိတ်ကြားခံရရင် အထူးအစည်းအဝေး၊ အနည်းဆုံး(၃)ရက် ကြိုတင်ဖိတ်ကြားခံရရင် အရေးပေါ်အစည်းအဝေးခေါ်တယ်လို့ မှတ်ယူသိထားကြရမှာ ဖြစ်ပါတယ်။

ကန့်သတ်

၆၁

လွှတ်တော်ခေါ်ယူရန် ခေါ်ယူဖို့ အကြောင်းတွေကို သိထားဖို့လိုပါတယ်။ ဥပဒေကြမ်းများရှိနေရင် လွှတ်တော်ခေါ်ရန် နီးစပ်ပြီဖြစ်ပါတယ်။ ဒါ့အပြင် အဆိုကောင်းများရှိ နေရင်လဲ၊ လွှတ်တော်ခေါ်ရန် အခွင့်အလမ်းများရှိနေပြီ ဖြစ်ပါတယ်။ လွှတ်တော်ခေါ်ရန် ပြည်သူများနဲ့ နိုင်ငံတော် အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်တဲ့ အဆိုနဲ့ ဥပဒေကြမ်းများပေါ်ထွက်ရေးဟာလည်း အရေးကြီးပါတယ်။ အချိန်ကာလ တိုင်းမှာ လွှတ်တော်ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးနဲ့ (Reciprocal Control of Check and Balance)စနစ်အရ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းတွေကို ဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ လွှတ်တော်အပေါ် မျှော်လင့်ထားတဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို မိမိတို့ လွှတ်တော်ရဲ့ တာဝန်တွေ ကျေပွန်ခြင်းနဲ့ ဖြည့်ဆည်းဆောင်ရွက် နိုင်မှာဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ [ သြဘာသံများ ]

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**
**အထူးအစည်းအဝေး(၁/၂၀၁၁) ပြီးမြောက်ခြင်း**

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေငြာအပ်ပါတယ် ခင်ဗျား။ [ သြဘာသံများ ]

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါတော့မယ် ခင်ဗျား။

**[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ် အထူးအစည်းအဝေး**
**(၁/၂၀၁၁)အား ( ၁၁ း ၁၀ )နာရီအချိန်တွင်**
**အောင်မြင်စွာပြီးမြောက်ခဲ့ပါသည် ။ ]**

ကန့်သတ်

ကန့်သတ်



ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး

(၁/၂၀၁၁)

## ဆုံးဖြတ်ခြင်း

| | |
|---|---|
| ဆုံးဖြတ်ခြင်း။ အမှတ်(၉) | နိုင်ငံတော်သမ္မတမှ ရှမ်းပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်မည့် အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း |

၁၃၇၂ ခုနှစ်၊ နယုန်လကွယ် (၂၀၁၁ ခုနှစ်၊ ဇွန် လ ၃၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့၌ နိုင်ငံတော်သမ္မတမှ ရှမ်းပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်မည့် အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

| | |
|---|---|
| ဆုံးဖြတ်ခြင်း။ အမှတ်(၁၀) | ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် တာဝန်ပေးအပ်မည့်ဝန်ကြီးများအား တင်ပြခြင်းကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း |

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်(၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့၌ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် တာဝန်ပေးအပ်မည့်ဝန်ကြီးများအား တင်ပြခြင်းကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ကန့်သတ်

Scanned with CamScanner

## ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ် (၁-၁/၂၀၁၁) ။ ''ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ရောက်ရှိရန် တည်ငြိမ် အေးချမ်းရေးသည် အရေးပါသည့် အတွက် လက်ရှိနိုင်ငံတော် တည်ငြိမ် အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက် နေကြသော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်သွား ကြရန်''အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ နယုန်လကွယ် (၂၀၁၂ ခုနှစ်၊ ဇွန် လ ၃၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့၌ ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ ''ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သို့ရောက်ရှိရန် တည်ငြိမ် အေးချမ်းရေးသည် အရေး ပါသည့် အတွက် လက်ရှိနိုင်ငံတော် တည်ငြိမ် အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များ ရပ်တန့်၍ အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင်ဆွေးနွေး ညှိနှိုင်းဆောင်ရွက် သွားကြရန်''အဆို ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ် ။ (၁၁–၁/၂၀၁၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ နယုန်လကွယ် (၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၉ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ။ (၁၂–၁/၂၀၁၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် (၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၉ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

ကန့်သတ်

၆၅

မှတ်တမ်းတင်ခြင်းအမှတ် ။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ
(၁၃–၁/၂၀၁၁) ပြည်နယ်လွှတ်တော်သို့ပြောကြားသည့်မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် (၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

စိုင်းလုံးဆိုင်
ဥက္ကဋ္ဌ
ရှမ်းပြည်နယ်လွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၁၂ခုနှစ်၊ ဩဂုတ် လ ရက်

ကန့်သတ်